# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၇၄)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# ကုန်စည်စီးဆင်းမှုအတွက် ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားဆောင်ရွက်

နေပြည်တော် မတ် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

- ❏ ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထား
- ❏ ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ ဘဏ်ပိတ်ထားမှုသည် ဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်သဖြင့် စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်
- ❏ အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိစေရေးအတွက် ပိတ်ထားသည့် စက်ရုံ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း SME များအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်

---

**အမြန်ဆုံး အမှန်ပြင်နိုင်ဖို့ ပြည်သူအချင်းချင်း ထိန်းကြစို့**

ဆောင်းပါး (စာ » ၆)

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လေလှိုင်းပေါ်ကမှိုင်းတိုက်ကြသူများ**

ဆောင်းပါး (စာ » ၉)

**အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄ ဒသမ ၁၁ သန်းနား နီးကပ်လာ**

နိုင်ငံတကာသတင်း (စာ » ၁၄)

မြန်မာ့အလင်း

# ရက်ပေါင်း ၅၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ ရက်ပေါင်း ၅၀ ရှိလာပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများ ကြီးမားစွာကွာခြားမှုရှိခဲ့ခြင်းအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန် ငြင်းပယ်ခြင်း၊ အရေးယူဆောင်ရွက်မှု မပြုခြင်းနှင့် ယင်းပြဿနာအပေါ် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာဖြေရှင်းပေးရန် တပ်မတော်က တောင်းဆိုခဲ့သည်ကို ငြင်းပယ်ခဲ့ကြခြင်း၊ နောက်ဆုံးသမ္မတ ဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်ကိုယ်စားပြု "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူတွေ့ဆုံဆွေးနွေးရန် တပ်မတော်က လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ တစ်ဆင့်ပြီးမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့်အပေါ်တွင်လည်း ငြင်းပယ်ခဲ့ခြင်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာခြင်းနှင့် ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးခြင်းဖြစ်စဉ်တို့ ပေါ်ပေါက်စေခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သော်လည်း ကောင်စီဝင်များတွင် စစ်ဘက်၊ အရပ်ဘက် မျှတစွာ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အရပ်ဘက်ကောင်စီဝင်များသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေးအမြင်ကိုယ်စီ ရှိကြသူ၊ နိုင်ငံရေးပါတီအသီးသီးမှ တိုင်းရင်းသားလူမျိုးစုံတို့ ဖြစ်ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်နေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးတည်းက ဗဟိုပြုကာ ဦးစီးချုပ်ကိုင်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ဝိုင်းဝန်းဆွေးနွေး စုပေါင်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ရက်ပေါင်း ၅၀ ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး ခုနစ်ကြိမ် ကျင်းပခဲ့ပြီး အစည်းအဝေးတိုင်းတွင် ရည်မှန်းချက်တာဝန်များ ချပြဆွေးနွေးခြင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက်ရော ဒေသများအလိုက်ပါ လိုအပ်ချက်အခြေအနေများကို အပြန်အလှန်ဆွေးနွေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ငါးပွက်ရာ ငါးစာချ၊ မြေစမ်း ခရမ်းပျိုးဆိုသကဲ့သို့ စမ်းတဝါးဝါး ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံ၏ပကတိလိုအပ်ချက်များအပေါ်မူတည်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး) ဦးတည်ချက် (၉)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့ကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။ အရေးပေါ်ကာလအစိုးရတစ်ရပ်ဖြစ်သည့်အားလျော်စွာ ရေတိုလုပ်ငန်းစဉ်များကို ရည်မှန်းချက်အတိုင်းပြီးစီးအောင် ဆောင်ရွက်ကြရမှာဖြစ်ပြီး ရေရှည်လုပ်ငန်းစဉ်များကိုမူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူတို့က ရွေးချယ်တင်မြှောက်ပေးလိုက်သူများနှင့် ဖွဲ့စည်းဖြစ်ပေါ်လာမည့် အစိုးရထံ ပခုံးပြောင်းတာဝန်လွှဲအပ်သွားရမှာဖြစ်သည်။

နိုင်ငံအစိုးရများဟူသည် ကာလတစ်ရပ်ကိုသာ တာဝန်ယူကြရခြင်းဖြစ်ပြီး အချိန်တန်လျှင် ပခုံးပြောင်းတာဝန်လွှဲကြရစမြဲဖြစ်သည်။ မိမိတို့ တာဝန်ယူထားစဉ်ကာလတွင် မိမိတို့၏ အတွေးအခေါ် လုပ်နည်းလုပ်ဟန်များဖြင့် နိုင်ငံနှင့်လူမျိုး တိုးတက်အောင် ဆောင်ရွက်ကြရပြီး အစိုးရတစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပခုံးပြောင်းပေးသွားကြမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာဖြစ်သည်။ အစိုးရတစ်ရပ်နှင့်တစ်ရပ် အတွေးအခေါ် အယူအဆတို့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေလျှင်ပင် နှောင့်ယှက်ဖျက်ဆီးမှုတို့ မပြုသင့်။ မင်းသားမလုပ်ရ၍ ပတ်မထိုးဖောက်သည်မှာ နိုင်ငံရေးအရ သီလပျက်ခြင်းဖြစ်ပြီး နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ပြုခြင်း၊ နှောင့်နှေးစေခြင်းသာဖြစ်ပါကြောင်း။ ။

## လွတ်လပ်ရေးရတာ အဓိပ္ပာယ်ရှိမှာမဟုတ်



ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာ မဟုတ်ပါဘူး။ ခပ်တိုတိုပြောရရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ။ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်တော့ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## နေ့အပူချိန်များ

နေပြည်တော် မတ် ၂၂

နေ့အပူချိန်များမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

**“ပြီးခဲ့သည့် တစ်လတာကာလအတွင်း ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှုအကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာ၊ ပထမအဆင့်အနေဖြင့် ဆန္ဒပြမှုကို ထိန်းသိမ်းသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပေါက်ခြင်းသာ ပြုလုပ်ရာမှ ဒုတိယအဆင့်အနေဖြင့် ဂျင်ကလိများ၊ ကုန်းသီးများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လာသည့်အပြင် ဓားဖြင့်ခုတ်ခြင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအချင်းချင်း သတ်ဖြတ်ခြင်းများအထိ ဆောင်ရွက်လာ၊ ထို့အပြင် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုတွင် အရေးကြီးသော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စက်ရုံအလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများနှင့် လုယက်ခြင်းများအထိ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်ထုတ်ပြန်ထိန်းသိမ်းရသည်အထိ ဆောင်ရွက်ခဲ့ရ၊ ဆူပူမှုများအား နှိမ်နင်းရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီသာ အဆင့်အလိုက် ထိန်းသိမ်းဆောင်ရွက်နေ”**

❍ *ရှေ့ဖုံးမှ*

### အားလုံးစုပေါင်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်တာဝန်များကို ချပြဆွေးနွေးခဲ့ကြပြီး ကောင်စီဝင်များက ဒေသအလိုက်အခြေအနေများနှင့် တိုင်းပြည်၏ လိုအပ်ချက်အခြေအနေများကိုတင်ပြကာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်မှုများရှိခဲ့သဖြင့် လုပ်ငန်းများအထိုက်အလျောက် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ဒေသ၊ မည်သည့်ပါတီ၊ မည်သည့်တိုင်းရင်းသားအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ဖြစ်စေ ကောင်စီအဖွဲ့ဝင်များအားလုံးအနေဖြင့် တိုင်းပြည်အကျိုး ဆောင်ရွက်လိုသည့်စိတ်ဖြင့် အားလုံးစုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်အစည်းအဝေးများတွင် ကောင်စီဝင်များ ဆွေးနွေးခဲ့သည့် ဥပဒေများပြန်လည်စိစစ်ရေးနှင့် ပတ်သက်၍ အချို့ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် ဥပဒေသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးအရဆောင်ရွက်သင့်သည် ဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ အဆိုပါဥပဒေများကို ထိန်းကျောင်းဆောင်ရွက်မှုနှင့် ကျင့်သုံးမှုများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

### စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

မိမိတို့ကောင်စီ စတင်တာဝန်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမအချို့ CDM ပြုလုပ်ခြင်းများရှိကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား မွမ်းမံသင်တန်းများ ဖွင့်လှစ်ချိန်တွင် ပျက်ကွက်သည့် ဆရာ၊ ဆရာမအချို့ရှိကြောင်း၊ ပျက်ကွက်မှုဖြစ်ပွားသည့် ဆရာ၊ ဆရာမများသည် CDM ပြုလုပ်ရန်အတွက် ခြိမ်းခြောက်ခံရမှုများရှိခြင်းကြောင့်ဟု သိရှိရကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ဆေးရုံများမှ ဆရာဝန်များလည်း အလားတူခြိမ်းခြောက်ခံရမှုများရှိသည်ဟု သိရှိရကြောင်း၊ မိမိတို့အားခြိမ်းခြောက်နေသူများကို သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရန်လိုကြောင်း၊ အချို့ဆရာ၊ ဆရာမများနှင့် ဆရာဝန်များအနေဖြင့် တာဝန်များ ပြန်လည်ထမ်းဆောင်လိုသော်လည်း အရေးယူခံရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပျက်ကွက်မှုများရှိနေကြောင်း။

### နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်

ဝန်ထမ်းများ အများစုမှာ နှစ်ကာလရှည်ကြာစွာကတည်းက တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြစေလိုကြောင်း၊ သဘောထားမတိုက်ဆိုင်မှုများ ရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းတာဝန်များအား ပျက်ကွက်နေမှုမှာ ပြစ်မှုကျူးလွန်သည့် အဆင့်မဟုတ်ပါက ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုသာဖြစ်သဖြင့် ပထမအကြိမ်အနေဖြင့် ခံဝန်ကတိလက်မှတ် ရေးထိုးခိုင်းမည်ဖြစ်ပြီး ထပ်မံစည်းကမ်းဖောက်ဖျက်လာမှသာ ဝန်ထမ်းစည်းမျဉ်းနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်များ CDM ပြုလုပ်မှုကြောင့် ဆေးရုံအချို့ပိတ်ထားရသဖြင့် တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက တောင်းဆိုမှုများ ရှိကြောင်း၊ တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်မှုကို ခွင့်ပြုထားပြီး ဆက်လက်တာဝန်ထမ်းဆောင်မှုမရှိသည့် လစ်လပ်နေရာများတွင် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဆူပူမှုအကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာ

ပြီးခဲ့သည့် တစ်လတာကာလအတွင်း ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှုအကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာကြောင်း၊ ပထမအဆင့်အနေဖြင့် ဆန္ဒပြမှုကိုထိန်းသိမ်းသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပေါက်ခြင်းသာ ပြုလုပ်ရာမှ

စာမျက်နှာ ၄ သို့

- ❑ **မိမိတို့ကောင်စီ စတင်တာဝန်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး အတွက် စီမံဆောင်ရွက်လျက်ရှိ**
- ❑ **ထိုသို့ဆောင်ရွက်ချိန်တွင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမအချို့ CDM ပြုလုပ်ခြင်းများရှိ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား မွမ်းမံသင်တန်းများ ဖွင့်လှစ်ချိန်တွင် ပျက်ကွက်သည့် ဆရာ၊ ဆရာမအချို့ရှိ**
- ❑ **ပျက်ကွက်မှုဖြစ်ပွားသည့် ဆရာ၊ ဆရာမများသည် CDM ပြုလုပ်ရန်အတွက် ခြိမ်းခြောက်ခံရမှုများ ရှိခြင်းကြောင့်ဟု သိရှိရ**
- ❑ **အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ဆေးရုံများမှ ဆရာဝန်များလည်း အလားတူခြိမ်းခြောက်ခံရမှုများရှိသည်ဟု သိရှိရ**
- ❑ **မိမိတို့အား ခြိမ်းခြောက်နေသူများကို သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရန်လို၊ အချို့ ဆရာ၊ ဆရာမများနှင့် ဆရာဝန်များအနေဖြင့် တာဝန်များပြန်လည်ထမ်းဆောင်လို သော်လည်း အရေးယူခံရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပျက်ကွက်မှုများရှိနေ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**စာမျက်နှာ ၃ မှ**

ဒုတိယအဆင့်အနေဖြင့် ဂျင်ကလိများ၊ ကုန်းသီးများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လာသည့်အပြင် ဓားဖြင့်ခုတ်ခြင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအချင်းချင်း သတ်ဖြတ်ခြင်းများအထိ ဆောင်ရွက်လာကြောင်း၊ ထို့အပြင် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုတွင် အရေးကြီးသော ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စက်ရုံ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများနှင့် လုယက်ခြင်းများအထိ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) အမိန့် ထုတ်ပြန်ထိန်းသိမ်းရသည်အထိ ဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူမှုများအား နှိမ်နင်းရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီသာ အဆင့်အလိုက် ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

**မဖြစ်မနေ ဆောင်ရွက်ပေးရမည်**

နိုင်ငံသားမှတ်ပုံတင် ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသား မှတ်ပုံတင်ရရှိရေးအတွက် ကောင်စီဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကူညီပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မဲစာရင်းများစိစစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မှတ်ပုံတင်မရှိဘဲ မဲပေးသူများ များစွာရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါမှတ်ပုံတင်မရှိဘဲ မဲပေးခဲ့သူများထဲတွင် မိမိတို့တိုင်းရင်းသားလူမျိုးများ မဟုတ်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံတစ်ဝန်းတွင် ထိုကဲ့သို့သော မှတ်ပုံတင်မရှိသည့် မိမိတို့တိုင်းရင်းသားမဟုတ်သူများ မည်မျှရှိနေမည်ကို မသိရှိနိုင်ကြောင်း၊ မဲစာရင်းများ စိစစ်ချိန်တွင် ဆန္ဒမဲလက်မှတ်များ ပိုရိုက်ထားမှုများ၊ သိန်းနှင့်ချီ၍ ဆန္ဒမဲလက်မှတ်များ ပျောက်ဆုံးခြင်းနှင့် အချို့ဆန္ဒမဲလက်မှတ်များ ပိုနေသည်ကို တွေ့ရှိရကြောင်း။

ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ ဘဏ်ပိတ်ထားမှုသည် ဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်သဖြင့် စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိစေရေးအတွက် ပိတ်ထားသည့် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း SME များအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုအတွက် ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ပိုမိုနီးကပ်စွာတွေ့ဆုံ**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုးနှင့် စောဒန်နီယယ်တို့က ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရေး၊ လှိုင်သာယာမြို့နယ်တွင် ကျူးလွန်ခဲ့သည့် လူသတ်တရားခံများကို ထိရောက်စွာ ပြစ်ဒဏ်ချမှတ်နိုင်ရန် အလျင်အမြန်ဆောင်ရွက်ရေး၊ CDM လှုပ်ရှားမှုများနှင့် ပတ်သက်၍ နောက်ကွယ်မှ ကြိုးကိုင်လှုံ့ဆော်နေသူများအား ဖော်ထုတ်ရေး၊ ဝန်ထမ်းများအတွက် လုံခြုံသည့်အကာအကွယ်ပေးရေး၊ သတင်းအမှားများ ဖြန့်ချိနေခြင်းအပေါ် တုံ့ပြန်ဆောင်ရွက်သွားရေး၊ အုပ်ချုပ်ရေးယန္တရားနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်လည်ပတ်နိုင်ရေး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းများ ထည့်သွင်းပြသရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များတွင် Government to Government ၊ Bank to Bank စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသည့် အသင်းအဖွဲ့များအား ပြန်လည်စိစစ်ဆောင်ရွက်ရေး၊ ဒေသအလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များ ဖြေလျှော့ပေးရေး၊ ပုဂ္ဂလိကဘဏ်များ ပုံမှန်ပြန်လည်ဖွင့်လှစ်လည်ပတ်သွားနိုင်ရေး၊ ဘုရားသုံးဆူနယ်စပ်ဂိတ် တရားဝင်ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဘုရားသုံးဆူဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ရေး-ထားဝယ်မဟာဓာတ်အားလိုင်း သွယ်တန်းရေး ကိစ္စဆက်လက်ဆောင်ရွက်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာတွေ့ဆုံပြီး ငြိမ်းချမ်းရေးကိစ္စရပ်များ ဆက်လက်ဆွေးနွေးရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်ခြားကုန်သွယ်ရေးလုပ်ငန်းများ စနစ်တကျ ဖော်ဆောင်ရေးနှင့် အကောက်အခွန်မူဝါဒများ ဖြေလျှော့ပေးရေး၊ မြန်မာနိုင်ငံအတွင်း တရားမဝင် နိုင်ငံခြားသားများ ဝင်ရောက်မှု ထိန်းချုပ်နိုင်ရေး၊ လူနေရပ်ကွက်များအတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ထားရှိမှုများ ပြန်လည်စိစစ်ပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်းလင်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိ**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားသုံးဆူဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

**ဓာတ်အားရရှိရေး ဆောင်ရွက်**

မြိတ်ဒေသတွင် ရေအားလျှပ်စစ် စီမံကိန်း ၄ ခု စီမံဆောင်ရွက်လျက်ရှိပြီး ဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြိတ်မြို့ ငါးလေလံဈေးနှင့် ထားဝယ်စက်မှုဇုန်လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုကို လျှော့ချပြီး တိုင်းပြည်၏ အရန်အဖြစ် ထိန်းသိမ်းထားရှိရန်လိုအပ်ကြောင်း၊ အလားတူ စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုများအား ကုန်ကြမ်းတင်ပို့ခြင်းထက် မိမိတို့နိုင်ငံတွင် ကုန်ချောထုတ်လုပ်၍ တင်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန်လိုအပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်ကြောင်း။

ကောင်စီဝင်များအနေဖြင့် အတွေ့အကြုံများစွာရှိသူများ ဖြစ်ကြသည့်အတွက် ယင်းအတွေ့အကြုံများအပေါ် အခြေခံ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေရန်နှင့် မှတ်ကျောက်တင်ခံရစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုပေါင်းတိုင်ပင်ဆွေးနွေး လုပ်ဆောင်သွားမည်ဆိုပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၆၇၅၀ ဦး၊ အတွင်းလူနာ ၄၁၉၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိုသို့လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၄၀၀၇ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၂၁၃၀ ဦး၊ စုစုပေါင်း ၆၁၃၇ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၂၀၄ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၃၃၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၅၄၀ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည်

တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အချို့တက္ကသိုလ်၊ ကောလိပ်များတွင် CDM ပြုလုပ်နေသည့် ပညာရေးဝန်ထမ်းများရှိသည်ကို သိရှိရကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ စတင်လျှောက်ထားနိုင်ရေးအတွက်လည်း တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းများ ထုတ်ခွင့်ပြုပေးထားကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်များနှင့်ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်မှသာ သက်ဆိုင်ရာဘာသာရပ်များကို ထူးချွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ရန် ဝန်ကြီးဌာနသို့ မှာကြားထားပြီးဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပညာရပ်များအား ထူးချွန်စွာ သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ လေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များကိုလည်း ကောင်းမွန်ပြည့်စုံစွာဖြင့် ဖွင့်လှစ်ပေးထားရန်လိုပြီး တက္ကသိုလ်များ အဆင့်မြင့်တင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်သဖြင့် ပညာရေးကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များအား ဂါရဝတရားရှိကြစေရေးနှင့် ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားရှိစေရေးအတွက် သွန်သင်ဆုံးမလေ့ကျင့်ပေးကြရန် မှာကြား

**နေပြည်တော် မတ် ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများဖြစ်ကြသည် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများ အတွက် စီမံအုပ်ချုပ်ရေး (စီမံ၊ ဘဏ္ဍာ၊ ပညာ) အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ (မြို့နယ်အဆင့်) သို့ သွားရောက်ကြည့်ရှု အားပေးသည်။ **(အပေါ်ယာပုံ)**



မွမ်းမံသင်တန်းများသို့ သွားရောက်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ နွေရာသီပူပြင်းသည့် ကာလဖြစ်သော်လည်း အရည်အသွေးမြှင့်မွမ်းမံသင်တန်းသို့ တက်ရောက်ကြသည့် ကျောင်းအုပ်ကြီးများကို ကျေးဇူးတင်ပါကြောင်း၊ သင်တန်းတွင် မိတ်ဆွေ ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်များ အချင်းချင်း ပြန်လည်တွေ့ဆုံ၍ အတွေ့အကြုံများ ဖလှယ်ကြကာ မိမိတို့နိုင်ငံ၏ ပညာအရည်အသွေး မြှင့်တင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ အခြေခံပညာ ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များ တင်ပြရာတွင် အောက်ခြေ၌ အမှန်တကယ် လိုအပ်သည့်အရာများကို ရဲရဲဝံ့ဝံ့ တင်ပြတောင်းခံရန် လိုသကဲ့သို့ သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းပေးကြမည်ဖြစ်ပါကြောင်း။

ဆရာ၊ ဆရာမ ဆိုသည်မှာ အနာဂတ် သားကောင်းရတနာများ၏ ပဲ့ကိုင်ရှင်များဖြစ်ကြသဖြင့် ပဲ့ကိုင်ရှင်များ၏ ပဲ့ကိုင်သွန်သင် ဆုံးမလမ်းပြမှု မှန်ကန်လျှင် သားကောင်း တစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ အဖြစ် ထွန်းပေါက်လာကြမည် ဖြစ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသား လူငယ်များကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဂါရဝတရားရှိကြစေရေး၊ ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားများ ရှိစေရေးအတွက် သွန်သင်ဆုံးမလေ့ကျင့်ပေးကြစေလိုပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ ကျောင်းသားကျောင်းသူများကို စာတတ်အောင် သင်ပေးကြစေလိုပါကြောင်း၊ အချို့သော CDM လှုပ်ရှားမှုတွင် ပါဝင်နေသည့် ဆရာ၊ ဆရာမများကို နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်တာဝန်ထမ်းဆောင်၍ ဘာသာရပ်မွမ်းမံသင်တန်းများ ဖွင့်လှစ်သည့်အခါ တက်ရောက်ကြရန် နှိုးဆော် တိုက်တွန်းပေးကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုမှ ပြန်လည် တာဝန်ထမ်းဆောင်လာကြသည့် ဆရာ၊ ဆရာမများကိုလည်း နွေးနွေးထွေးထွေး ကြိုဆိုကြစေလိုပါကြောင်း၊ ကျောင်းသား၊ ဆရာအချိုးနှင့် ကိုက်ညီသည့် စာသင်ခုံ၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ ရေစင်၊ ရေပိုက်လိုင်းများ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား မူလတန်းကျောင်းအုပ်များ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**သတင်းစဉ်**

# အမြန်ဆုံး အမှန်ပြင်နိုင်ဖို့ ပြည်သူအချင်းချင်း ထိန်းကြစို့

........ ကိုဇော် ........

ဒီနှစ် နွေရာသီမှာ အပူချိန်မြင့်တက်နိုင်ကြောင်းကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ကရော နိုင်ငံပိုင်မီဒီယာတွေကပါ မတ်လဆန်း ကတည်းကကြေညာထားတာကိုမေ့မေ့ပျောက်ပျောက် ဖြစ်နေပေမယ့် ဒီရက်ပိုင်း နွေရဲ့ ပူပြင်းတဲ့ အပူချိန်က သိသိသာသာဖြစ်လာတာကြောင့် ချည်သား လက်ရှည်လေးရွေးဝတ်ရင်း စနေ လက်ဖက်ရည်ဝိုင်းဆီ ထွက်လာခဲ့တယ်။

စနေလက်ဖက်ရည်ဝိုင်းအတွက် ရွေးထားတဲ့ ဆိုင်လေးက ကျယ်ကျယ်ဝန်းဝန်းရှိသလို သစ်ပင် ရိပ်တွေကလည်း ကောင်းတာကြောင့် နေ့လယ်ခင်း ချိန်မှာတောင် ဆိုင်ရဲ့ စားပွဲဝိုင်းအတော်များများမှာ စားသုံးသူတွေရှိနေတာကို သတိပြုမိလိုက်တယ်။ နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်မှာ လမ်းမှားလိုက်ပြီး ဆူပူဆန္ဒပြ ဖျက်လိုဖျက်ဆီးလုပ်သူတွေ မရှိခြင်း ကြောင့်လည်း မြို့နေလူထုရော စီးပွားရေးလုပ်ငန်း လုပ်သူများပါ စိတ်အေးချမ်းသာစွာနဲ့ တည်တည် ငြိမ်ငြိမ်နေထိုင်သွားလာ စားသောက်နိုင်ကြတာပဲ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေရဲ့ မှန်ကန်တဲ့ အမြင်ရှိမှုအပြင် လွဲမှားတဲ့လုပ်ရပ်တွေ မပြုလုပ် ခြင်းကြောင့် အေးချမ်းတည်ငြိမ်မှု ရှိနေရခြင်း ဆိုတာက သက်သေပါပဲ။

ကျွန်တော် လက်ဖက်ရည်ဆိုင်ရောက်တော့ မင်းနိုင်ရယ်၊ မောင်မျိုးရယ်၊ အေးကိုရယ် သုံးယောက် က ရောက်နှင့်နေကြပြီ။ "ကိုဇော် ဒီနေ့ နောက်ကျ ပါလား၊ အလုပ်တွေ များနေတာလား"ဆိုပြီး မင်းနိုင် က စကားဦးနှုတ်ဆက်တယ်။ "အလုပ်များလို့ နောက်ကျတာမဟုတ်ဘူးကွာ၊ ထွက်လာဖို့လုပ်ပြီး မှ နေပူပူကြီးကြည့်ပြီး လက်ရှည်အင်္ကျီဝတ်ဖို့ ရှာနေတာနဲ့ နောက်ကျသွားတာကွာ၊ မင်းတို့ရော ရောက်တာကြာနေပြီလား"လို့ ပြန်ပြောရင်း ကျဆိမ့်တစ်ခွက် လှမ်းမှာလိုက်တယ်။ သူငယ်ချင်း တွေဆုံရင် "ဘာထူးလဲ၊ ဟိုဟာတွေ့လား၊ ဒီဟာ မိုက်တယ်"စတဲ့ စကားလုံးတွေက စကားဝိုင်းရဲ့ အစပထမပြောနေကျ။

မင်းနိုင်က အလုပ်ထွက်ပြီး ဇာတိပြန်သွားပေ မယ့် ခုလိုဆုံဖို့ သက်သက် လာခဲ့တာကြောင့် သူ့အိမ်အတွက် လက်ဆောင်ပစ္စည်းလေးပေးရင်း "မင်းရော အလုပ်ထွက်သွားတော့ အိမ်မှာ ပျင်းနေ ပြီမဟုတ်လား။ ခုဘာဆက်လုပ်ဖို့ပြင်ဆင်နေလဲ"လို့ မေးလိုက်တယ်။ "ကိုဇော်ရာ ကျွန်တော်က နိုင်ငံ့ ဝန်ထမ်းပဲ လုပ်ချင်တာ ကိုဇော်အသိပါ။ ဒါပေမယ့် ခုလိုဖြစ်စဉ် တွေဖြစ်လာတော့ ပုဂ္ဂိုလ်ရေးအစွဲကြောင့် ဆက်မလုပ်ချင်ဘူးဆိုတဲ့ အတွေးပေါ်လာပြီး အလုပ်ကနေ ထွက်စာတင်လိုက်တာ။ သေချာ စဉ်းစားကြည့်လိုက်ရင် စိတ်ကိုအလိုလိုက်ပြီး တစ်ယောက်တည်း ဆုံးဖြတ်ခဲ့တာကြောင့် ငါလုပ် တာ မှန်တယ်ဆိုတဲ့ ခံယူချက်လိုမျိုး ဖြစ်နေပေမယ့် တကယ့်ဘဝအတွက် စဉ်းစားလိုက်ရင် ကျွန်တော် အလုပ်ထွက်လိုက်တာက တကယ်ကို မှားတယ်ဗျ။ နောင်တတော့ရမိပေမယ့် နောင်တဆိုတာကြီး ရင်မှာပိုက်ပြီး ငူတူတူ ငေးငိုင်နေရတဲ့ ဘဝမျိုးလည်း မဖြစ်ချင်လို့ ကိုဇော်တို့ဆီ အခုလိုလာတွေ့ပြီး စကားလာပြောတာပါပဲ။

"ကျွန်တော့် ဒုဦးစီးလုပ်သက်က သုံးနှစ် လောက်ပဲရှိသေးပေမယ့် ဝါသနာပါတဲ့အလုပ်ကြောင့် သေချာကြိုးစားပြီး လုပ်ခဲ့တာပါ။ မကြာခင်မှာ ဖြေရတော့မယ့် ဦးစီးအရာရှိ စာမေးပွဲကိုလည်း အခုတော့ လုံးဝလက်လွှတ်ဆုံးရှုံးလိုက်ရတာ စဉ်းစား မိတိုင်း စိတ်ထဲအဆင်ပြေမနေဘူး။ အခုဒုဦးစီး ရာထူးတောင် ကြိုးစားပမ်းစား နှစ်ကြိမ်ဖြေပြီးမှ ရခဲ့တာ။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှာ MBA တက်ကတည်းက အခုထွက်လိုက်တဲ့ အလုပ်က ကျွန်တော့်ရဲ့ အိပ်မက်ပဲလေ။ အခုတော့ အိပ်မက် အသစ်ကို ထပ်မက်ဖို့ ကြိုးစားနေပါတယ်။ အိမ်က ဆူတာကိုလည်း တော်တော်လေးခံလိုက်ရတယ် ကိုဇော်ရာ" ဟု ပြောပြတယ်။

> **"နိုင်ငံရေးဖြစ်စဉ်ကလည်း ထင်သလိုဆိုးရွားတာ မဟုတ်တာကြောင့် အခုတော့ ဆန္ဒပြတဲ့အလုပ်ကို မလုပ်တော့ဘူး။ အခုအခြေအနေက လမ်းပေါ်ထွက် ဆူပူတာ၊ အဖျက်လုပ်ရပ်တွေ လုပ်တာကို ပြည်သူအချင်းချင်းက ဝင်ထိန်းပေးမှ ဖြစ်တော့မယ်လို့ ထင်တယ်"**

လက်ဖက်ရည်ဆိုင်ထိုင်တိုင်း လက်ဖက်ရည်နဲ့ လက်ဖက်သုပ်ကို တွဲပြီး စားသောက်နေကျ။ ကျန်းမာ ရေးအရ ခါတ်တည့် မတည့်ကို အသေအချာမသိပေ မယ့် ဒီလိုစားသောက်ခဲ့တဲ့ အကြိမ်ပေါင်းကလည်း မနည်းတော့ဘူး။ သူငယ်ချင်းလေးယောက်လုံးရဲ့ လက်တွေက လက်ဖက်သုပ် ပန်းကန်မှာပဲ ဝဲပျံနေတာ ကိုကြည့်ပြီး "မောင်မျိုး၊ မင်းကရော CDM လုပ်ဖို့ ဦးဆောင်တဲ့အဖွဲ့တွေဆီက ထောက်ပံ့ကြေးတွေ ရလား။ အဲဒီအဖွဲ့တွေက မင်းတို့ကို တကယ်ထောက်ပံ့ ပေးတာလား။ အလုပ်တွေလည်း ရှာပေးမယ်လို့ အွန်လိုင်းမှာ ဖတ်လိုက်ရတယ်။ ဟုတ်လား"ဆိုပြီး မောင်မျိုးကို မေးလိုက်တယ်။

လက်ဖက်သုပ်ကို ငရုတ်သီးစိမ်း အားရပါးရ ထည့်စားပြီး ရှူးရှဲရှူးရှဲဖြစ်နေတဲ့ မောင်မျိုးက "လုပ်ပြီ လုပ်ပြီ ကိုဇော်ကတော့။ ကျွန်တော်က သူတောင်းစား လို ပေးစာကမ်းစာ လိုချင်လို့ CDM လုပ်တာ မဟုတ်ပါ ဘူးဗျာ။ အွန်လိုင်းက ပို့စ်တွေဖတ်ပြီး အများစု ယောင်တာကို လိုက်ယောင်ခဲ့တာ။ ဘာတဲ့ "ရှုံးမတက် နဲ့ ရှုန်းထွက်" ဆိုတာတောင် အော်ခဲ့သေးတာ။ နောက်ဆုံး တကယ့်လက်တွေ့မှာတော့ နိုင်ငံအတွက် စနစ်ကျတဲ့၊ စည်းကမ်းရှိတဲ့ ရုံးဌာနအဖွဲ့အစည်းရဲ့ စွန့်လွှတ်ခြင်းကိုသာ ခံလိုက်ရတယ်။ နာမည်တွေ တသီတတန်းကြီးနဲ့ အလုပ်ကဖြုတ်တယ်ဆိုတဲ့ စာက မသိရင် ဂုဏ်ပဲယူရမလိုလို။ အခြားလူတွေတော့ မသိဘူး။ ကျွန်တော်ကတော့ အဲဒီစာ ပြန်ဖတ်မိတိုင်း ကိုယ့်ကိုယ်ကိုယ် ရှက်နေမိတယ်။ ၇၂ နာရီတို့၊ သုံးလ တို့ စတဲ့ အွန်လိုင်းက စိတ်ကူးယဉ်စာသားတွေကို အဟုတ်ထင်ခဲ့မိတာလည်း ခေတ်ပညာတတ် ဘွဲ့ရ ဖြစ်ပြီး ဘာလို့များ ဒီလောက်ထိ ပိန်းခဲ့ရသလဲလို့ ကိုယ့်ကိုယ်ကိုယ် တွေးမရဘူးဗျာ။

"ခုထိလည်း အွန်လိုင်းက အကြောင်းအရာတွေ က ဖတ်ရှုသူတိုင်းကို ပိန်းပြီး မှောင်သွားစေအောင် ရေးသားထားတာတွေချည်းပဲ။ ကိုဇော်တို့လည်း မြင်မှာပါ။ တကယ်တော့ ကိုဇော်၊ ကျွန်တော်တို့ အလုပ်ဖြုတ်တဲ့စာ မထွက်ခင် ရုံးပြန်တက်ဖို့ ကျွန်တော် လုပ်ခဲ့သေးတယ်။ CDM လုပ်တဲ့ အခြားသူတွေက ရန်ရှာမှာရယ်၊ ဌာနကို မျက်နှာမပြဝံ့တာရယ် စတာ တွေကြောင့် အဆုံးစွန်ထိ မိုက်ကန်းခဲ့သလို ဖြစ်ခဲ့ရ တယ်။ ဒါပေမယ့် ကိုဇော် ခုနကမေးသလို ဘယ်အဖွဲ့ အစည်းရဲ့ ထောက်ပံ့ကြေးကိုမှ မယူခဲ့သလို တရားမဝင်ဖွဲ့ထားတဲ့ အဖွဲ့တွေနဲ့လည်း လုံးဝ မပတ်သက်အောင်နေတယ်။ ခုတောင် တစ်ချက်မှားခဲ့ လို့ အလုပ်ကပြုတ်ပြီးပြီ။ အဲဒီအဖွဲ့တွေနဲ့ထပ်ပြီး ပတ်သက်မိရင် တစ်ဘဝလုံး ခိုးကြောင်ခိုးဝှက်နဲ့ ထပ်ပြီး တော့ မနေနိုင်ပါဘူးဗျာ" ဟုဆိုကာ အစပ်ပြေ ရေနွေး ကြမ်းတစ်ခွက်ကို မော့သောက်ရင်း ပြောပြတယ်။

ဝန်ထမ်းမဟုတ်ပေမယ့် ကျွန်တော်တို့နဲ့ တတွဲတွဲ အမြဲတွဲနေတဲ့ သူငယ်ချင်း အေးကို ကတော့ အိမ်စီးပွားရေးမှာသာ ဝင်လုပ်နေတာကြောင့် စီးပွား ရေးသမားပီပီ အပေါင်းအသင်းကတော့ အတော်ကို များတာ။ အေးကိုက "ခု ကျွန်တော်ပြောရမယ့် အလှည့် နော်။ ကျွန်တော်ကတော့ ကျွန်တော့် အသိနှစ်ယောက် နဲ့ ပြောခဲ့တာလေးကို အစ်ကိုတို့ကို ပြန်ပြောပြမယ်။ တစ်ယောက်က ဘဏ်မှာလုပ်တာ။ နောက်တစ်ယောက် ကတော့ ခုဆန္ဒပြတဲ့အထဲမှာ ပါဝင်တဲ့ သင်တန်းဆရာ။ ဘဏ်က တစ်ယောက်က အရင်က ဟိုတယ်ဝန်ထမ်း။ ကိုဗစ်ကြောင့် ဟိုတယ်တွေ ပိတ်ရတော့ ဘဏ်တစ်ခု မှာ အလုပ်ရတယ်။ ဘဏ်မှာ အလုပ်ရပြန်တော့လည်း ခုနိုင်ငံရေး အပြောင်းအလဲဖြစ်ပြန်တော့ CDM ဆိုင်းဘုတ်ကိုင်ပြီး ဆန္ဒထွက်ပြပြန်တယ်။ အဲဒါနဲ့ပဲ "မင်းက ဘဏ်ဝန်ထမ်းဖြစ်ပြီး ဘာလို့ CDM ဆိုင်းဘုတ် ကိုင်နေရတာလဲ။ မင်းတို့ ဘဏ်မသွားတော့ ငါတို့ ပြည်သူတွေပဲ ဘဏ်က ပိုက်ဆံထုတ်မရနဲ့ အဆင် မပြေပါဘူးကွာ"လို့ပြောတော့ "ဘဏ်အလုပ်ပြုတ် လည်း ဂရုမစိုက်ဘူးကွာ။ နိုင်ငံ့ဝန်ထမ်းတွေ CDM လုပ်ဖို့ကို ငါတို့က ဖိအားပေးနေတာ။ အပျော်လမ်းထွက် နေတာ မဟုတ်ဘူး။ နိုင်ငံရေးလုပ်နေတာလည်း မဟုတ်ဘူး"လို့ ပြန်ဖြေတယ်။

ကျွန်တော်ကလည်း "မင်းကွာ၊ အထူအပါး လည်း နားမလည်၊ နကန်းတစ်လုံးမှလည်း မသိဘဲ အွန်လိုင်းက ပေါ်တောတောစာတွေဖတ်ပြီး လျှောက်လုပ်မနေနဲ့။ မင်းတို့ လမ်းထွက်ဆန္ဒပြလို့ နိုင်ငံအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေက ရုံးမသွားဘဲမနေဘူး။ လမ်းပေါ်လည်း ထွက်လာမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်ရော ဘာလုပ်နေသလဲဆိုတာရောသိရဲ့လား။ တရားမဝင် ဘူးလို့ ကြေညာထားတဲ့ အဖွဲ့အစည်းနဲ့ တစ်နည်း နည်းနဲ့ ပတ်သက်မိရင်တော့ မင်းအတွက် နောင်တ ဆိုတာက ထောင်တံခါးဝရောက်မှ ရနေရမယ် နော်"လို့ ပြောပေမယ့်လည်း ခံယူချက်တလွဲနဲ့ ပိန်းနေတဲ့သူတွေကို အမြင်မှန်ရအောင်လုပ်ဖို့ တကယ်ကို မလွယ်ဘူးဗျာ။ အမှားအမှန်ကို မြင်အောင် သေချာရှင်းပြလည်း တိမ်ဖုံးနေတဲ့ မျက်လုံးလိုပဲ ဘာမှကို မမြင်တော့တာဗျာ။

နောက်တစ်ယောက် သင်တန်းဆရာက တော့ "မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ဆန္ဒ ထွက်ပြတယ်။ ညသပိတ်တော့ မထွက်ဖြစ်ဘူး။ မနက်နဲ့ ညနေနဲ့ ထွက်တဲ့အခါမှာလည်း ပစ်မယ် လို့ပြောတဲ့နေရာကို မသွားဘူး။ ဆန္ဒပြတဲ့နေရာမှာ ပစ်ပြီဆိုလည်း ကိုယ့်ကိုမထိအောင် အခြေအနေ ကြည့်ပြီး ရှောင်တယ်။ ဖြစ်စဉ်ကို မကြိုက်လို့ ဆန္ဒ ပြတဲ့အလုပ်ကိုပဲ လုပ်တာ။ သေဖို့အတွက် ဆန္ဒပြ တာ မဟုတ်သလို ဆန္ဒပြလို့ သေဆုံးသွားသူတွေ ကိုလည်း လူသားချင်းအရ စိတ်မကောင်းတော့ ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဆန္ဒပြသူ အချင်းချင်းမှာကို သိပ်ပြီးမတည့်ကြတော့ဘူး။ ကျွန်တော်တို့က ဆန္ဒပဲရိုးရိုးပြမယ်။ ဘယ်အချိန် ကနေ ဘယ်အချိန်ထိ ဒီမိုကရေစီဆန်ဆန် စည်းကမ်းတကျပြမယ်လို့ ပြောပေမယ့် တချို့အဖွဲ့ တွေက လက်မခံဘဲ ဒီပစ်မယ်ဆိုတဲ့ နေရာ၊ ပစ်တဲ့ နေရာကိုပဲ ရွေးပြီး ဇွတ်တိုးမယ်ချည်း လုပ်တာဗျာ။ ကြိုးကိုင်ခြယ်လှယ်မှုနဲ့ ထောက်ပံ့ကြေးတွေ ယူထားတဲ့ ဆန္ဒပြသူတွေနဲ့ ကိုယ့်ထမင်းကိုယ်စား ပြီး ကိုယ့်သဘောနဲ့ကိုယ် ဆန္ဒပြသူတွေဆိုပြီး အခုက အဖွဲ့တွေ ကွဲနေကြတာဗျာ။ လုံခြုံရေး အတွက် ထိန်းသိမ်းရေးဆောင်ရွက်နေကြတဲ့ တပ်ဖွဲ့ဝင်တွေကိုတောင် ကျွန်တော်တို့က ပြန်ပြီး အားနာသလို ဖြစ်နေရတယ်။

"ဒါ ဘာလဲဆိုတော့ ဆန္ဒပြတဲ့အဖွဲ့တွေမှာ လူမျိုးစုံ၊ စိတ်ဓာတ်မျိုးစုံတွေရှိနေတာကြောင့် အခု နောက်ပိုင်းတော့ ကျွန်တော်လည်း ဆန္ဒပြဖို့ မထွက်တော့သလို ကျွန်တော့်သူငယ်ချင်းတွေ လည်း မထွက်တော့ဘူး။ စည်းကမ်းမဲ့လုပ်ရပ်တွေ လုပ်တဲ့ ဆန္ဒပြအဖွဲ့ထဲတော့ ရောယောင်ပြီး မပါ တော့ဘူး။ ကျွန်တော်တို့လုပ်ခဲ့တဲ့ ဆန္ဒပြပွဲက တကယ်တမ်း အောင်မြင်မှုမရှိသလို နိုင်ငံရေး ဖြစ်စဉ်ကလည်း ထင်သလိုဆိုးရွားတာ မဟုတ်တာ ကြောင့် အခုတော့ဆန္ဒပြတဲ့အလုပ်ကို မလုပ်တော့ ဘူး။ အခုအခြေအနေက လမ်းပေါ်ထွက် ဆူပူတာ၊ အဖျက်လုပ်ရပ်တွေ လုပ်တာကို ပြည်သူအချင်းချင်း က ဝင်ထိန်းပေးမှ ဖြစ်တော့မယ်လို့ထင်တယ်။ ပြည်သူအချင်းချင်း မြှောက်ပင့်သွေးထိုးပြီး လမ်းပေါ်တွေရောက်ကြလို့ သေသူသေ၊ ကျေသူ ကျေခဲ့ရပြီးပြီ။ ဒါကြောင့် ပြည်သူအချင်းချင်းက ဝိုင်းထိန်းပေးကြဖို့ အမြန်ဆုံးလိုနေပြီ"လို့ ကျွန်တော့် ကို ပြောပြတယ်။ "ဒီနှစ်ယောက် ပြောတာတွေကို သုံးသပ်လိုက်ရင် အခုဆန္ဒပြတဲ့လုပ်ရပ်မှာ ပါဝင် ကြသူတွေရဲ့ စိတ်နေသဘောထားကို ကိုဇော်တို့ ခန့်မှန်းနိုင်မှာပါ" ဟု အေးကိုက သူ့ရဲ့အသိ နှစ်ယောက်အကြောင်းကို ကိုယ်ဟန်အမူအရာ တွေနဲ့ မာန်ပါပါပြောပြတယ်။

အေးကိုပြောလို့အပြီးမှာ သုံးယောက်စလုံးက "ကိုဇော်ကရော ဘယ်အကြောင်း ပြောမှာလဲ"လို့ ပြိုင်တူအသံထွက်လာရင်း "ငါက မင်းတို့ပြောတာ တွေကို အဆင်ပြေပြေ ဖတ်လို့ကောင်းအောင် ရေးပြီး တို့မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်မှန်တွေကို လူအများရော ကမ္ဘာကပါ သိအောင် သတင်းစာ တိုက်ကို ပို့မယ်ကွာ။ မင်းတို့ ကျေနပ်တယ်မလား" လို့ ပြုံးပြုံးကြီး ပြောလိုက်တဲ့အခါ ဒါဆို နောက် အပတ်တွေလည်း အခုလိုဆုံပြီး အကြောင်းအရာ မတူတဲ့ ခေါင်းစဉ်တွေနဲ့ စကားဝိုင်းဖွဲ့ကြမယ်ဆိုတဲ့ ကြည်လင်တဲ့ အကြည့်ကိုယ်စီနဲ့ "အိုကေ၊ နောက် အပတ်စနေ ဆုံကြမယ်"ဟု နှုတ်ဆက်ရင်း "လမ်းပေါ်ထွက် ဆူပူဆန္ဒပြသူတွေ အမြန်ဆုံး အမှန်ပြင်နိုင်ကြပြီး ပူလောင်မှုဘဝတွေကနေ အမြန်ဆုံး လွတ်ကင်းနိုင်ကြပါစေ"ဟု စိတ်ရင်းမှန် နဲ့ ဆန္ဒပြုလိုက်ရပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် မတ် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖေဖော်ဝါရီလအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများကို စုစည်း၍ စာအုပ်ထုတ်ဝေလိုက်ပြီဖြစ်သည်။







အဆိုပါ စာအုပ်တွင် –

**"နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေး လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။"**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၈-၂-၂၀၂၂ ရက်နေ့က နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်း) နှင့်

**"နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်"**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၂-၂-၂၀၂၂ ရက်နေ့က နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်း)များ ပါဝင်ပါသည်။

အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အမှာစကားများ၊ အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၂၁)ပုဒ်ကို စုစည်းဖော်ပြပေးထားပါသည်။

ယင်းစာအုပ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၂၂

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနဘောင်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ်စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှဆေးကုသရေးအဖွဲ့များကိုစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

နေ့/ညမပြတ် ဆောင်ရွက်၍ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက် ဖျက်ဆီးမှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အချို့၌ အခြေအနေများ ပြန်လည်တည်ငြိမ်အေးချမ်းလာသဖြင့် အများပြည်သူလူထုအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၈) ရပ်ကွက်ရှိ ဂမုန်းပွင့်ကုန်တိုက်၊ ဒေါပုံမြို့နယ်ရှိ Capital Hyper Market၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက်ရှိ City Mart၊ ဗိုလ်တထောင်မြို့နယ် (၇)ရပ်ကွက်ရှိ လဟာပြင်ဈေး၊ လမ်းမတော်မြို့နယ် (၇)ရပ်ကွက်ရှိ ညောင်ပင်လေးဈေး၊ လသာမြို့နယ် (၂) ရပ်ကွက်ရှိ လမ်းမတော်သံဈေး၊ ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက်ရှိ သိမ်ကြီးဈေး၊ တာမွေမြို့နယ် ဗျိုင်းကွက်သစ်ရပ်ကွက်ရှိ တာမွေယာယီဈေး၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပျံကျဈေး၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းဈေး၊ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် သစ်တောလမ်းရှိ အလုံဈေး၊ လှိုင်မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ရွှေပိတောက်ငါးဈေး၊ သုံးခွမြို့နယ် (၄)ရပ်ကွက်ရှိ သုံးခွဈေးနှင့် ခရမ်းမြို့နယ် (၃)ရပ်ကွက်ရှိ မြို့မဈေးတို့တွင် ဈေးရောင်းဈေးဝယ်များ စည်ကားစွာဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

အလားတူ ကျန်မြို့နယ်များတွင်လည်း ဈေးများနှင့် စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




တာမွေယာယီဈေး၌ ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## လက်ရှိဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဝယ်ယူမှု၊ ပြည်ပတင်ပို့နိုင်မှုကိစ္စများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၂**

လက်ရှိဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဝယ်ယူမှု၊ ပြည်ပတင်ပို့နိုင်မှု ကိစ္စများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆန်စပါးကဏ္ဍ Supply Chain တစ်လျှောက် စဉ်ဆက်မပြတ်တိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသူများ ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြည်တွင်း၌ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ရိတ်သိမ်းမှု အခြေအနေနှင့် သယ်ယူပို့ဆောင်မှု အခြေအနေ၊ စပါးအထွက်နှုန်း တိုးတက်လာစေရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးရေ ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်၊ ပြည်တွင်းဆန်စပါးဈေးကွက်ဖြစ်ပေါ်နေမှု အခြေအနေနှင့် ဆန်ပြည်ပတင်ပို့ရာတွင် လိုအပ်သည့် အပင်ပိုးမွှား ရောဂါကာကွယ်ရေးဆိုင်ရာ ထောက်ခံချက်များ ထုတ်ပေးနေသည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တန်ချိန် (၁)သိန်း တင်ပို့ရောင်းချရေးနှင့်ပတ်သက်၍ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် Export Financing အနေဖြင့် ငွေကျပ် ဘီလီယံ (၃၀) ကို ချေးပေးခဲ့ပါကြောင်း၊ မြန်မာ Exporter များအနေဖြင့် နိုင်ငံတကာဆန်ဈေးကွက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်လေ့လာကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာ့ဆန်ပြည်ပသို့ အရှိန်အဟုန်မပျက် တင်ပို့နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့ တာဝန်ရှိသူများ၊ Exporter များ၊ လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဆန်စပါးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် Stakeholder များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

နယ်ဝင်/နယ်ထွက်ခြင်း/အမည်ပြောင်းခြင်းများ ဆောင်ရွက်ရာ၌ ယာဉ်စစ်ဆေးခြင်းမပြုဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရုံးများသို့ ယာဉ်ယူဆောင်လာရန်မလိုဘဲ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



နှစ်လဲ ယာဉ်သက်တမ်းတိုး လာရောက်ဆောင်ရွက်သူများအား တွေ့ရစဉ်။

### ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဝရမ်း ထုတ်ထားခြင်းခံရသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစောင့်ကြည့်

**နေပြည်တော် မတ် ၂၂**

ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဝရမ်းထုတ်ထားခြင်းခံရသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစောင့်ကြည့်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ NLD ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သူများ၊ NLD ထောက်ခံသူများနှင့် ဖမ်းဝရမ်းထုတ်ခြင်းခံရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ထိုင်း-မြန်မာနယ်စပ် KNU ထိန်းချုပ်နယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းပေါင်းစုံထွက်ပေါ်နေလျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အသေးစိတ်လေ့လာစုံစမ်းနေကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လေလှိုင်းပေါ်ကမှိုင်းတိုက်ကြသူများ

နေခြည်သွေး

**မတ်လ ၂၁ ရက် ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာတစ်စောင်ကို ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာတွင် တရားမဝင် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)နှင့် ဆက်စပ်သူများ၊ အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာလိုက်ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့် ထိုကဲ့သို့ ကြေညာခဲ့ရသနည်းဆိုလျှင် ယင်းအဖွဲ့အစည်းသည် နိုင်ငံ၏တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယုံကြည်ယူဆသဖြင့် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။**

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ ကိစ္စအဝဝကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထိန်းသိမ်းပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၉ ရပ်ချမှတ်၍ မဆိုတ်မသုန် ဆောင်ရွက်နေခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် ၂၀၀၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် လုပ်ဆောင်သင့်၊ လုပ်ဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆပါသည်။

ယခု မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) ကို ဖေဖော်ဝါရီလအတွင်း အွန်လိုင်း၌ စတင်မြင်တွေ့ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဝင် NLD ပါတီမှ ကိုယ်စားလှယ်လောင်းများ၊ ထင်ရှားလူသိများသည့် လူငယ်အချို့၊ လက်ရှိတာဝန်ယူထားသည့်အစိုးရကို လက်မခံနိုင်သည့်ပုဂ္ဂိုလ်အချို့ ဖွဲ့စည်းဆောင်ရွက်နေသည်ဟု ယူဆရပါသည်။ သို့သော် တရားဝင်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမျိုးကားမဟုတ်။ အခြေခံဥပဒေကို ကျော်လွန်၍ ဖွဲ့စည်းထားသည့်အပြင် ထုတ်ပြန်ချက်များကို အစိုးရသဖွယ်ထုတ်ပြန်နေခြင်း၊ ပြည်သူတို့အား သတင်းအချက်အလက် အမှားအယွင်းများပေးခြင်း၊ ခြိမ်းခြောက်၍ ဖိအားပေးကာ ဝန်ထမ်းများအား CDM ပြုလုပ်စေခြင်းအပြင် အခြားဆိုးရွားသည့် မြှောက်ပင့်သွေးထိုးကာ နိုင်ငံပျက်စီးရာလမ်းကြောင်းအား ပုံဖော်နေကြသည်ကို မြင်တွေ့ရသည်။

ထိုကဲ့သို့ မတရားအသင်းအဖြစ် ကြေညာသတ်မှတ်ထားသည့် အဖွဲ့အစည်းလက်အောက်တွင် လုပ်ကိုင်နေသူ၊ ဆက်စပ်ပတ်သက်နေသူများသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖျက်ဆီးမည့်သူများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်ပုန်ကန်သူများ၊ နိုင်ငံတော်သစ္စာဖောက်များဟု ယူဆနိုင်ပါသည်။ ယင်းသို့သော အခြေအနေမျိုးကို ၁၉၈၈ ခုနှစ်တွင်လည်း မြင်တွေ့ခဲ့ရဖူးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးချိန် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ရင်း ၁၉၉၈ ခုနှစ်တွင်လည်း ယခုကဲ့သို့ ဖွဲ့စည်းမှုမျိုးကို မြင်တွေ့ခဲ့ရသည်။ စင်ပြိုင်အစိုးရအဖွဲ့အဖြစ် အတင်းအသက်သွင်းရန် ကြိုးပမ်းခဲ့ကြဖူးသည်။ သို့သော် မအောင်မြင်ခဲ့ပါ။

ယခု CRPH ၏ ခြေလှမ်းများကို လေ့လာကြည့်ရာ ပြည်သူများအား သတင်းအချက်အလက်အမှားများဖြင့် မှိုင်းတိုက်နေသည်ကို မြင်တွေ့ရသည်။ ဥပမာ နိုင်ငံတကာ အသိအမှတ်ပြုခြင်းခံရသည့် အဖွဲ့အစည်းဖြစ်နေပြီဟု သတင်းလွှင့်ခြင်း၊ မြန်မာနိုင်ငံအတွင်း စီးပွားရေး အခက်အခဲ ကြုံစေရန် ဝန်ထမ်းများ CDM လုပ်ခြင်းနှင့် Boycott လုပ်ခြင်း အောင်မြင်နေပြီဟု သတင်းလွှင့်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံရပ်ခြားမှာရှိသည့် မြန်မာနိုင်ငံမှ ငွေကြေးများကို ထိန်းချုပ်ထားပြီဟု သတင်းလွှင့်ခြင်း၊ ပြည်တွင်းနိုင်ငံရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးညှိနှိုင်းနေပြီဟု သတင်းဖြန့်ချိခြင်း၊ သူတို့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် အမြင်မတူညီဘဲ အေးချမ်းစွာ နေလိုသည့်သူများအတွက် Social Bullying လုပ်ဆောင်ရန် မြှောက်ပင့်သွေးထိုးခြင်း၊ ယင်းကော်မတီ၏ ဦးဆောင်မှုအောက်တွင် ဖက်ဒရယ်စစ်တပ် မကြာမီ ပေါ်ပေါက်လာတော့မည်ဆို၍ တရားလက်လွတ် ပြောဆိုခြင်း၊ အေးချမ်းစွာနေထိုင်ကြသူ လူငယ်များအား ခုခံတော်လှန်ရမည် ဟူသည့် မှားယွင်းသည့် အတွေးအခေါ်ကို ထည့်သွင်းပေးခြင်း၊ လွတ်မြောက်နယ်မြေများ ပေါ်ပေါက်လာပြီ၊ အစိုးရသစ်ယန္တရားအတွက် CDM ဝန်ထမ်းများအား အလုပ်အကိုင်များ ခန့်အပ်မည် စသည်ဖြင့် ဝါဒမှိုင်းတိုက်ခြင်းများကို ထပ်တလဲလဲ ပြုလုပ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ခေါင်းဆောင်သူများကို အွန်လိုင်းပေါ်တွင်သာ မြင်တွေ့ရပြီး လေလှိုင်းထဲမှတစ်ဆင့် ပြည်သူထံသို့ ဝါဒမှိုင်းတိုက်ကြသူများက မက်လုံးအမျိုးမျိုး၊ ခြိမ်းခြောက်မှုအမျိုးမျိုးတို့ဖြင့် လမ်းမပေါ်ထွက်စေခြင်း၊ ဝန်ထမ်းများအား CDM လုပ်စေခြင်းတို့သည် အောင်မြင်မှုမရရှိသည်ကိုလည်း မြင်တွေ့ရသည်။ ပဋိပက္ခဖြစ်စဉ်များ ဖြစ်ပွားတိုင်း စာရေးသူလေ့လာကြည့်မိသလောက် အေးချမ်းစွာဆန္ဒပြနေကြသူများကို ရက်ရက်စက်စက် ဖြိုခွဲခြင်းဟူသည့် ဖြစ်စဉ်မရှိဘဲ တစ်စတစ်စနှင့် အကြမ်းဖက်မှုအသွင်၊ ဆူပူမှုအသွင်ကူးပြောင်းလာနေသည့် အခြေအနေမျိုးတွင်သာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဟု ရှုမြင်မိပါသည်။ ထိုအတွင်း လူငယ်များ အထိအခိုက်အကျအဆုံးများ ဖြစ်လာနေခြင်းတွင်လည်း ပြည်သူများအား သွေးဆူစေရန် အမျိုးမျိုးလှုံ့ဆော်ကာ ဆက်လက်တိုက်ပွဲဝင်ရမည်ဟုပင် မြှောက်ပင့်ပေးနေသူများကိုလည်း မြင်တွေ့ရသည်။

မတ်လ ၂၁ ရက်ကထုတ်ပြန်ထားသည့် မတရားအသင်း CRPH ၏ ထုတ်ပြန်ချက်ပါအချက်များကို ဥပမာအနေဖြင့် တင်ပြလိုပါသည်။ CDM တံခါးကို မတ်လကုန်တွင် ပိတ်သိမ်းမည်၊ CDM တွင်ပါဝင်ကြသူများကို ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ ချီးမြှင့်မည်၊ CDM မလုပ်သူ ဝန်ထမ်းများအား ထိရောက်စွာအပြစ်ပေး အရေးယူမည်၊ နိုင်ငံတော်စီမံအုပ်ချုပ်မှုယန္တရားသစ်တည်ဆောက်မည် စသည်ဖြင့် မည်သို့မျှမဖြစ်နိုင်သည့် မက်လုံးများပေးကာ ဝန်ထမ်းများအား ဖိအားပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ကျေပွန်လျက်ရှိသည့်ဝန်ထမ်းများအား ခြိမ်းခြောက်စော်ကားခြင်းနှင့် နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်ထားသည့် ထုတ်ပြန်ချက်များသာ ဖြစ်ပါသည်။

တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းထားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား စွပ်စွဲပြစ်တင်ခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပေးနိုင်ရန် ဟူ၍ပင် မိမိတို့နိုင်ငံအား နိုင်ငံတကာဖိအားပေး၍ ပြည်သူများ အတိဒုက္ခရောက်ရှိပြီး ရရှိထားပြီးသား နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖျက်ဆီးခြင်းဟုပင် ယူဆမိပါသည်။ အာဏာကို မှားယွင်းအသုံးချကာ ဒီမိုကရေစီအမည်တပ်နေသည့် ပါတီနှင့် လူတစ်စုတို့အတွက် ပြည်သူနှင့် နိုင်ငံတော်ကို ဖျက်ဆီးရန် ကြံစည်သည့် အဖွဲ့အစည်းဟူ၍ပင် မှတ်ယူရမည်ဖြစ်ပါသည်။

ထို့အပြင် လွတ်လပ်မှုအတွက် ရပ်တည်တယ်၊ ဒီမိုကရေစီအတွက် ရပ်တည်ပါတယ်ဟု ကြွေးကြော်ပြီး ကျည်လွတ်ရာနယ်မြေတွင် နိုင်ငံရေးခိုလှုံကာ ပြည်သူများ အတိဒုက္ခရောက်စေရန်အတွက် အမျိုးမျိုးကြံစည်တွေးတောမြှောက်ပင့် ပြောဆိုနေသူ ဒေါက်တာ ဆာဆာ၊ ဒေါက်တာဇော်ဝေစိုးတို့အပါအဝင် တရားမဝင် မတရားအသင်း CRPH တွင် ပါဝင်ပတ်သက်နေသူများကိုလည်း ဖော်ထုတ်အရေးယူခြင်း၊ နိုင်ငံတော်သစ္စာဖောက်မှုများဖြင့် စွဲချက်တင်ခြင်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြမည်ဟူသည့် ကြွေးကြော်သံများဖြင့် ဆယ်စုနှစ်များစွာ မျှော်လင့်ခဲ့ကြရသည့် ဒီမိုကရေစီလမ်းကြောင်းအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပိုင်ဆိုင်ခဲ့ကြပြီးပြီ။ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုလည်း ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပနိုင်ခဲ့ပြီးပြီ။ နောက်ဆုံးတစ်ကြိမ် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပခဲ့ချိန်တွင် ပြည်သူများအတွက် တရားမျှတမှု၊ မှန်ကန်မှုတို့အတွက် မေးခွန်းထုတ်စရာများ ပေါ်ပေါက်လာခဲ့သည်။

ပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးတတ်သိပညာရှင်များက ထောက်ပြဝေဖန်မှုများကို ပယ်ချခဲ့ခြင်း၊ တပ်မတော်က စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းများစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းအပေါ်တွင်လည်း လျစ်လျူရှုခဲ့ခြင်းနှင့် မဲမသမာမှုများရှိနေသည့်တိုင် လွှတ်တော်ကို အတင်းအကျပ်အာဏာရှင်ဆန်ဆန် ခေါ်ဆောင်ခဲ့ခြင်းတို့၏ နောက်ဆက်တွဲရလဒ်များအဖြစ် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ပေးနေရခြင်း ဖြစ်သည်ကို ပြည်သူများသိရှိ၍ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ မူလရည်မှန်းချက်များ ပြည့်မြောက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးရန်နှင့် နိုင်ငံတော်ကို သစ္စာဖောက်သူများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသူများအား ရှောင်ကြဉ်ဖယ်ရှားကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

> **"မတ်လ ၂၁ ရက်ကထုတ်ပြန်ထားသည့် မတရားအသင်း CRPH ၏ ထုတ်ပြန်ချက်ပါအချက်များကို ဥပမာအနေဖြင့် တင်ပြလိုပါသည်။ CDM တံခါးကို မတ်လကုန်တွင် ပိတ်သိမ်းမည်၊ CDM တွင်ပါဝင်ကြသူများကို ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ ချီးမြှင့်မည်၊ CDM မလုပ်သူဝန်ထမ်းများအား ထိရောက်စွာအပြစ်ပေး အရေးယူမည်၊ နိုင်ငံတော် စီမံအုပ်ချုပ်မှုယန္တရားသစ်တည်ဆောက်မည် စသည်ဖြင့် မည်သို့မျှမဖြစ်နိုင်သည့် မက်လုံးများပေးကာ ဝန်ထမ်းများအား ဖိအားပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ကျေပွန်လျက်ရှိသည့် ဝန်ထမ်းများအား ခြိမ်းခြောက်စော်ကားခြင်းနှင့် နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်ထားသည့် ထုတ်ပြန်ချက်များသာဖြစ်"**

> **"မတရားအသင်းအဖြစ် ကြေညာသတ်မှတ်ထားသည့် အဖွဲ့အစည်းလက်အောက်တွင် လုပ်ကိုင်နေသူ၊ ဆက်စပ်ပတ်သက်နေသူများသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖျက်ဆီးမည့်သူများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်ပုန်ကန်သူများ၊ နိုင်ငံတော်သစ္စာဖောက်များဟု ယူဆနိုင်ပါသည်။ ယင်းသို့သော အခြေအနေမျိုးကို ၁၉၈၈ ခုနှစ်တွင်လည်း မြင်တွေ့ခဲ့ရဖူးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးချိန် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ရင်း ၁၉၉၈ ခုနှစ်တွင်လည်း ယခုကဲ့သို့ ဖွဲ့စည်းမှုမျိုးကို မြင်တွေ့ခဲ့ရသည်။ စင်ပြိုင်အစိုးရအဖွဲ့အဖြစ် အတင်းအသက်သွင်းရန် ကြိုးပမ်းခဲ့ကြဖူးသည်။ သို့သော် မအောင်မြင်ခဲ့ပါ"**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူး တိုင်းဒေသကြီး တောင်ငူမြို့နယ် မဲရုံပေါင်း ၁၉၃ ရုံ | ၁၉၉၉၀၂ | ၁၉၀၃၉၂ | ၂၅၈၇၃ | ၂၀၃၅ | ၂၃၃၇၆ |
| ၂ | ပဲခူး တိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲရုံပေါင်း ၁၄၆ ရုံ | ၈၇၈၈၁ | ၅၇၄၆၄ | ၁၆၀၉၃ | ၆၅၉ | ၈၃၉၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၃၉ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သောဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၂၂၇၀၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၉၇၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၇၇၂၁၊ မြေပြင်လက်ကျန် ၁၁၄၁၃၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၆၁၀၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၅၁၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | တောင်ငူ မြို့နယ် | ၁၉၃ | ၂၂၀၇၀၀ | ၁၄၅၀၇၄ | ၇၅၆၂၆ | ၇၄၃၄၁ | ၄၆၀၂ | ၃၃၁၇ |
| ၂ | ကျောက်ကြီး မြို့နယ် | ၁၄၆ | ၁၀၂၀၀၀ | ၅၉၉၀၅ | ၄၂၀၉၅ | ၃၉၇၉၀ | ၁၁၅၀၅ | ၉၂၀၀ |
| | စုစုပေါင်း | ၃၃၉ | ၃၂၂၇၀၀ | ၂၀၄၉၇၉ | ၁၁၇၇၂၁ | ၁၁၄၁၃၁ | ၁၆၁၀၇ | ၁၂၅၁၇ |

### တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင် ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ မဲရုံပေါင်း ၁၉၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၀၇၀၀ ဖြစ်ပြီး၊ နေပူကုန်းကျေးရွာအုပ်စုမဲရုံအမှတ်(၃)၏ ပြည်သူ့လွှတ်တော် မဲလက်မှတ်များကို ရှာဖွေတွေ့ရှိခြင်းမရှိပါ။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်း အရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၁၁၀၅၀ | ၁၄၀၀၆၇ | ၇၀၉၈၃ | ၆၇၃၀၂ | ၄၆၀၂ | ၉၂၁ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၅၀၀၇ | ၅၀၀၇ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၆၄၃ | - | ၄၆၄၃ | ၇၀၃၉ | - | ၂၃၉၆ |
| | စုစုပေါင်း | ၂၂၀၇၀၀ | ၁၄၅၀၇၄ | ၇၅၆၂၆ | ၇၄၃၄၁ | ၄၆၀၂ | ၃၃၁၇ |

၆။ တောင်ငူမြို့နယ်၊ ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စုရှိ မဲရုံ ၁၉၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၆၀၂ ပျောက်ဆုံးနေပြီး ၉၂၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၆၄၃ ဖြစ်သော်လည်း မြေပြင်တွင် ၇၀၃၉ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၃၉၆ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ထီးလှိုင် ရပ်ကွက် | ၁ | ၂၅၅၀ | ၁၉၆၅ | ၅၈၅ | ၅၈၅ | | |
| ၂ | ရခိုင်စု၊ နေပူကုန်းရပ်ကွက် | ၃ | ၉၀၀၀ | ၆၀၆၀ | ၂၉၄၀ | ၂၉၄၀ | | |
| ၃ | ယိုးဒယား တန်းရပ်ကွက် | ၁ | ၂၀၀၀ | ၁၅၁၃ | ၄၈၇ | ၄၈၇ | | |
| ၄ | ကြက်တည် ရပ်ကွက် | ၁ | ၁၀၅၀ | ၇၉၄ | ၂၅၆ | ၂၅၆ | | |
| ၅ | ပန်းဘဲတန်း (တောင်)ရပ်ကွက် | ၁ | ၉၀၀ | ၆၅၈ | ၂၄၂ | ၂၄၂ | | |
| ၆ | ပန်းဘဲတန်း (မြောက်)ရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၅၃ | ၄၉၇ | ၄၉၇ | | |
| ၇ | ရှမ်းတန်းကွေ့ ဈေးရပ်ကွက် | ၁ | ၈၀၀ | ၅၅၄ | ၂၄၆ | ၂၄၆ | | |
| ၈ | ကန်တော် ရပ်ကွက် | ၃ | ၅၁၀၀ | ၃၇၀၀ | ၁၄၀၀ | ၁၄၀၀ | | |
| ၉ | ဇောင်ချမ်းတောင် ရပ်ကွက် | ၁ | ၂၁၀၀ | ၁၆၁၁ | ၄၈၉ | ၄၈၉ | | |
| ၁၀ | မန်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၅၉၈ | ၉၅၂ | ၉၅၂ | | |
| ၁၁ | ဈေးတန်း ရပ်ကွက် | ၁ | ၂၂၅၀ | ၂၁၈၄ | ၆၆ | ၅၆၆ | | ၅၀၀ |
| ၁၂ | လမ်းမကျယ် ရပ်ကွက် | ၁ | ၁၁၅၀ | ၇၂၇ | ၄၂၃ | ၂၇၃ | ၁၅၀ | |
| ၁၃ | ဈေးရပ်ကွက် | ၁ | ၁၅၀၀ | ၁၀၅၃ | ၄၄၇ | ၃၄၇ | ၁၀၀ | |
| ၁၄ | တောင်ကွေ့ဈေး ရပ်ကွက် | ၁ | ၁၅၀၀ | ၁၁၂၆ | ၃၇၄ | ၃၇၄ | | |
| ၁၅ | နတ်သျှင်နောင် ရပ်ကွက် | ၃ | ၄၀၀၀ | ၂၄၉၅ | ၁၅၀၅ | ၁၄၅၅ | ၅၀ | |
| ၁၆ | တပင်ရွှေထီး ရပ်ကွက် | ၄ | ၃၉၀၀ | ၂၅၅၈ | ၁၃၄၂ | ၈၄၂ | ၅၀၀ | |
| ၁၇ | မင်းကြီးဆွေ ရပ်ကွက် | ၁ | ၁၆၅၀ | ၁၁၁၀ | ၅၄၀ | ၅၄၀ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁၈ | ငါးဖယ်အင်း ကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၆၀၂ | ၉၉၈ | ၈၄၈ | ၁၅၀ | |
| ၁၉ | ဇီးဒိုင်း ကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၂၇၄၃ | ၁၄၀၇ | ၁၂၀၇ | ၂၀၀ | |
| ၂၀ | ကင်းဆိပ် ကျေးရွာအုပ်စု | ၆ | ၅၁၅၀ | ၃၇၃၃ | ၁၄၁၇ | ၁၄၁၅ | ၂ | |
| ၂၁ | လဲဘူး ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၈၄၈ | ၅၀၂ | ၄၅၂ | ၅၀ | |
| ၂၂ | ဆင်ဆိပ် ကျေးရွာအုပ်စု | ၇ | ၅၅၀၀ | ၄၂၆၄ | ၁၂၃၆ | ၁၄၃၆ | | ၂၀၀ |
| ၂၃ | ဘုရားနှစ်ဆူ ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၉၉ | ၂၅၁ | ၂၅၁ | | |
| ၂၄ | ဘိုကတော် ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၈၉၆ | ၈၅၄ | ၇၅၄ | ၁၀၀ | |
| ၂၅ | ထန်းကုန်း ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၅၁ | ၁၄၉ | ၁၄၉ | | |
| ၂၆ | ဆူးတပ် ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၃၉ | ၅၁၁ | ၅၁၁ | | |
| ၂၇ | ချောင်းဖြူ ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၈၈ | ၃၆၂ | ၃၆၂ | | |
| ၂၈ | ပဲချက်ကုန်း ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၄၇ | ၄၅၃ | ၄၅၃ | | |
| ၂၉ | မြောက်ရေကြည် ကျေးရွာအုပ်စု | ၆ | ၃၇၅၀ | ၂၅၉၈ | ၁၁၅၂ | ၁၁၆၂ | | ၁၀ |
| ၃၀ | နေပူကုန်း ကျေးရွာအုပ်စု | ၆ | ၃၂၅၀ | ၂၃၅၅ | ၈၉၅ | ၁၀၄၄ | | ၁၄၉ |
| ၃၁ | ကျွန်းကုန်း ကျေးရွာအုပ်စု | ၄ | ၅၀၀၀ | ၃၃၉၄ | ၁၆၀၆ | ၁၄၅၆ | ၁၅၀ | |
| ၃၂ | မဟင် ကျေးရွာအုပ်စု | ၇ | ၆၁၀၀ | ၄၅၅၆ | ၁၅၄၄ | ၁၂၄၄ | ၃၀၀ | |
| ၃၃ | ကံရိုး ကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၂၆၅၉ | ၁၀၄၁ | ၇၉၁ | ၂၅၀ | |
| ၃၄ | ဝက်ခေါက်စိန် ကျေးရွာအုပ်စု | ၇ | ၂၉၅၀ | ၁၆၃၇ | ၁၃၁၃ | ၈၆၃ | ၄၅၀ | |
| ၃၅ | စပါးကြွယ် ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၉၁၀ | ၈၉၀ | ၈၉၀ | | |
| ၃၆ | ဇီးကုန်း ကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၁၉၃၄ | ၁၅၆၆ | ၁၅၆၆ | | |
| ၃၇ | ကညင်မြောင် ကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၁၈၇၃ | ၁၃၂၇ | ၁၃၂၇ | | |
| ၃၈ | အုတ်ကျွတ်တန်း (တောင်)ရပ်ကွက် | ၁ | ၁၆၀၀ | ၁၀၅၇ | ၅၄၃ | ၅၄၃ | | |
| ၃၉ | အုတ်ကျွတ်တန်း (နောက်)ရပ်ကွက် | ၁ | ၂၇၀၀ | ၁၉၈၃ | ၇၁၇ | ၇၁၇ | | |
| ၄၀ | အုတ်ကျွတ်တန်း (အရှေ့)ရပ်ကွက် | ၁ | ၂၂၀၀ | ၁၅၈၇ | ၆၁၃ | ၆၁၃ | | |
| ၄၁ | ငွေလုံအိုးကုန်း ရပ်ကွက် | ၂ | ၆၄၀၀ | ၄၁၅၆ | ၂၂၄၄ | ၂၁၉၄ | ၅၀ | |
| ၄၂ | တပ်မြေ ရပ်ကွက် | ၂ | ၇၁၅၀ | ၄၅၃၇ | ၂၆၁၃ | ၂၆၁၃ | | |
| ၄၃ | မြို့ကြီး ရပ်ကွက် | ၃ | ၆၄၅၀ | ၃၄၀၈ | ၃၀၄၂ | ၂၇၉၆ | ၂၄၆ | |
| ၄၄ | ဖေယျာခင်ဦး ရပ်ကွက် | ၂ | ၃၅၀၀ | ၁၈၉၅ | ၁၆၀၅ | ၁၀၀၅ | ၆၀၀ | |
| ၄၅ | မင်းကြီးညို ရပ်ကွက် | ၄ | ၆၀၀၀ | ၄၀၄၇ | ၁၉၅၃ | ၁၉၅၃ | | |
| ၄၆ | ခြသေ့်ဦး ရပ်ကွက် | ၂ | ၄၅၀၀ | ၂၆၉၆ | ၁၈၀၄ | ၁၇၅၀ | ၅၄ | |
| ၄၇ | သဝန်ငယ် ရပ်ကွက် | ၁ | ၁၀၀၀ | ၆၃၈ | ၃၆၂ | ၄၁၂ | | ၅၀ |
| ၄၈ | ဒိုးအင်း ကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၂၁၄၀ | ၁၂၆၀ | ၁၁၆၀ | ၁၀၀ | |
| ၄၉ | ပဒဲ ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၁၉၅ | ၆၅၅ | ၆၅၅ | | |
| ၅၀ | ကုရင်ချောင်း ကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၁၉၂၆ | ၁၁၇၄ | ၁၁၇၄ | | |
| ၅၁ | အရှေ့ဆင် ကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၁၆၁၇ | ၁၄၈၃ | ၁၃၈၃ | ၁၀၀ | |
| ၅၂ | အနောက်ဆင် ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၅၉ | ၇၄၁ | ၇၄၁ | | |
| ၅၃ | သဖန်းပင် ကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၄၉၄ | ၁၀၅၆ | ၉၅၆ | ၁၀၀ | |
| ၅၄ | မိုးကောင်း ကျေးရွာအုပ်စု | ၄ | ၅၈၅၀ | ၃၅၂၂ | ၂၃၂၈ | ၂၃၃၀ | | ၂ |
| ၅၅ | ကမ်းနီ ကျေးရွာအုပ်စု | ၇ | ၃၄၅၀ | ၂၁၉၂ | ၁၂၅၈ | ၉၀၈ | ၃၅၀ | |
| ၅၆ | ကွမ်းပင် ကျေးရွာအုပ်စု | ၅ | ၂၉၅၀ | ၁၆၇၅ | ၁၂၇၅ | ၁၂၇၅ | | |
| ၅၇ | ကျောက်တိုင် ကျေးရွာအုပ်စု | ၆ | ၄၀၅၀ | ၁၉၂၅ | ၂၁၂၅ | ၂၁၂၅ | | |
| ၅၈ | ဒိုးသောင် ကျေးရွာအုပ်စု | ၅ | ၇၄၅၀ | ၅၄၄၃ | ၂၀၀၇ | ၂၀၁၇ | | ၁၀ |
| ၅၉ | ရှမ်းစုကြီး ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၉၃၄ | ၈၁၆ | ၈၁၆ | | |
| ၆၀ | ရွှေအင်းလေး ကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၂၀၅၇ | ၉၉၃ | ၉၉၃ | | |
| ၆၁ | ရှောက်ပင်ချောင်း ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၇၂၄ | ၆၇၆ | ၆၂၆ | ၅၀ | |
| ၆၂ | အင်ဒိုင်း ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၉၂၅ | ၈၂၅ | ၈၂၅ | | |
| ၆၃ | နဂါးမောက် ကျေးရွာအုပ်စု | ၅ | ၃၁၅၀ | ၁၉၇၆ | ၁၁၇၄ | ၁၁၇၄ | | |
| ၆၄ | ဆိပ်ဖူး(တောင်) ကျေးရွာအုပ်စု | ၅ | ၇၆၅၀ | ၄၂၇၄ | ၃၃၇၆ | ၂၈၇၆ | ၅၀၀ | |
| | **ရပ်ကွက်ချုပ် စုစုပေါင်း** | ၁၉၃ | ၂၁၁၀၅၀ | ၁၄၀၀၆၇ | ၇၀၉၈၃ | ၆၇၃၀၂ | ၄၆၀၂ | ၉၂၁ |
| | မြို့နယ်ကြိုတင် မဲလက်မှတ် | | ၅၀၀၇ | ၅၀၀၇ | | | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၄၆၄၃ | - | ၄၆၄၃ | ၇၀၃၉ | | ၂၃၉၆ |
| | **မြို့နယ်ချုပ် စုစုပေါင်း** | | ၂၂၀၇၀၀ | ၁၄၅၀၇၄ | ၇၅၆၂၆ | ၇၄၃၄၁ | ၄၆၀၂ | ၃၃၁၇ |

## ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ မဲရုံပေါင်း ၁၄၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၂၀၀၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၉၉၀၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၀၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၇၉၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေစဉ်။



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေစဉ်။

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၀၁၀၀၀ | ၅၉၁၁၉ | ၄၁၈၈၁ | ၃၀၄၂၆ | ၁၁၅၀၅ | ၅၀ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၇၈၆ | ၇၈၆ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၂၁၄ | - | ၂၁၄ | ၉၃၆၄ | - | ၉၁၅၀ |
| | စုစုပေါင်း | ၁၀၂၀၀၀ | ၅၉၉၀၅ | ၄၂၀၉၅ | ၃၉၇၉၀ | ၁၁၅၀၅ | ၉၂၀၀ |

၉။ ကျောက်ကြီးမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ မဲရုံ ၁၄၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၅၀၅ ပျောက်ဆုံးနေပြီး ၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၁၄ ဖြစ်သော်လည်း မြေပြင်တွင် ၉၃၆၄ ကျန်ရှိသဖြင့် မဲလက်မှတ် ၉၁၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | င/ထွေစုတ် ကျေးရွာအုပ်စု | ၅ | ၃၈၀၀ | ၁၉၈၆ | ၁၈၁၄ | ၁၂၅၄ | ၅၆၀ | - |
| ၂ | ဝဲကြီး ကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၂၂၅ | ၁၃၇၅ | ၁၁၂၅ | ၂၅၀ | - |
| ၃ | မုန်းကျေးရွာ အုပ်စု | ၁၃ | ၁၁၇၅၀ | ၆၄၈၃ | ၅၂၆၇ | ၄၁၁၇ | ၁၁၅၀ | - |
| ၄ | သောင်လယ် ကျေးရွာအုပ်စု | ၈ | ၄၆၀၀ | ၂၆၇၅ | ၁၉၂၅ | ၁၆၆၅ | ၂၆၀ | - |
| ၅ | တပ်ကုန်း ကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၀၄၂ | ၁၇၀၈ | ၁၁၀၈ | ၆၀၀ | - |
| ၆ | ညောင်ပင်သာ ကျေးရွာအုပ်စု | ၆ | ၅၇၅၀ | ၃၁၅၀ | ၂၆၀၀ | ၁၅၅၀ | ၁၀၅၀ | - |
| ၇ | မွေတွင်း ကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၁၉၀၈ | ၁၄၉၂ | ၈၉၂ | ၆၀၀ | - |
| ၈ | တောပု ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၄၇၇ | ၁၄၂၃ | ၁၁၂၃ | ၃၀၀ | - |
| ၉ | မီးတိုင်တော ကျေးရွာအုပ်စု | ၆ | ၄၇၀၀ | ၂၇၀၇ | ၁၉၉၃ | ၁၅၄၃ | ၄၅၀ | - |
| ၁၀ | မြောင်းရိုးကြီး ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၅၄၃ | ၅၅၇ | ၄၀၇ | ၁၅၀ | - |
| ၁၁ | ကျွန်းပင်ဆိပ် ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၃၂၇ | ၈၇၃ | ၃၇၃ | ၅၀၀ | - |
| ၁၂ | နောင်ဘို ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၈၃ | ၄၆၇ | ၃၁၇ | ၁၅၀ | - |
| ၁၃ | ပဲခူးရပ်ကွက် | ၂ | ၂၀၀၀ | ၁၂၉၆ | ၇၀၄ | ၆၀၄ | ၁၀၀ | |
| ၁၄ | ဆားတန်း ရပ်ကွက် | ၁ | ၄၀၀ | ၂၅၆ | ၁၄၄ | ၄၄ | ၁၀၀ | |
| ၁၅ | ကပ်ကျေး ရပ်ကွက် | ၁ | ၇၀၀ | ၄၈၁ | ၂၁၉ | ၂၁၉ | - | |
| ၁၆ | သိန်တန်း ရပ်ကွက် | ၂ | ၂၇၀၀ | ၁၇၇၅ | ၉၂၅ | ၈၂၅ | ၁၀၀ | |
| ၁၇ | တောင်ငူတန်း ရပ်ကွက် | ၁ | ၁၂၀၀ | ၇၃၂ | ၄၆၈ | ၄၆၈ | - | |
| ၁၈ | မေတ္တာ ရပ်ကွက် | ၂ | ၁၈၅၀ | ၁၁၆၆ | ၆၈၄ | ၃၈၄ | ၃၀၀ | |
| ၁၉ | လောင်ပုပ် ရပ်ကွက် | ၁ | ၈၀၀ | ၅၂၀ | ၂၈၀ | ၂၈၀ | - | |
| ၂၀ | မအူပင်ဆိပ် ကျေးရွာအုပ်စု | ၆ | ၄၇၀၀ | ၂၈၁၃ | ၁၈၈၇ | ၁၆၃၇ | ၂၅၀ | |
| ၂၁ | မိချောင်းဂေါင်း ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၁၂ | ၂၃၈ | ၁၈၈ | ၅၀ | |
| ၂၂ | ကျောက်ပုံလယ် ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၃၃ | ၁၆၇ | ၈၂ | ၈၅ | |
| ၂၃ | တုံးကြီး ကျေးရွာအုပ်စု | ၆ | ၃၃၅၀ | ၁၉၀၅ | ၁၄၄၅ | ၈၉၅ | ၅၅၀ | |
| ၂၄ | ကျောက်ပုံ(တောင်) ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၄၀ | ၁၆၀ | ၁၆၀ | - | |
| ၂၅ | အင်းနက် ကျေးရွာအုပ်စု | ၇ | ၃၅၅၀ | ၂၀၆၅ | ၁၄၈၅ | ၆၈၅ | ၈၀၀ | |
| ၂၆ | ဂမုန်းအိုင် ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၁၇၂ | ၂၂၈ | ၇၈ | ၁၅၀ | |
| ၂၇ | ပတ္တလား ကျေးရွာအုပ်စု | ၄ | ၁၇၀၀ | ၁၁၂၇ | ၅၇၃ | ၄၂၃ | ၁၅၀ | |
| ၂၈ | ဝက်လာတော ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၃၅ | ၃၆၅ | ၃၁၅ | ၅၀ | |
| ၂၉ | မမရမ်း ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၁၄ | ၃၃၆ | ၂၃၆ | ၁၀၀ | |

စာမျက်နှာ ၁၃ သို့

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ တားဆီးပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှား



လမ်းများပေါ်၌ ပိတ်ဆို့ထားသော အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားကြစဉ်။

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ တားဆီးပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရေးတို့အတွက် ဆူပူ ဆန္ဒပြမှုများနှင့် အကြမ်းဖက်လုပ်ရပ်များအား ပြုလုပ်လျက်ရှိကြောင်း။ ထိုသို့ပြုလုပ်ရာတွင် အများပြည်သူသွား လမ်းမကြီးများ၊ လမ်းသွယ်များ၊ တံတားများအား အတားအဆီးများဖြင့် ပိတ်ဆို့ချထားခြင်း၊ သဲအိတ်များ၊ ကော်ပိုက်လုံးကြီးများ၊ ဝါးကပ်များ၊ သံချောင်းများ၊ ခတ်မီးတိုင် အကျိုးများဖြင့် အနိုင်အမာ ပြုလုပ်ထားရှိခြင်း၊ အချို့သောနေရာများတွင် လမ်းများကို တူးဖော်ဖျက်ဆီးကာ ပိတ်ဆို့ခြင်းများကို အခိုင်အမာပြုလုပ်ထားရှိသည်ကို တွေ့ရှိရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းကာ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ရှင်းလင်းဖယ်ရှား၍ အများပြည်သူ ဆက်သွယ်သွားလာမှု အဆင်ပြေစေရေး နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ နံနက် ၉ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာ ရုံလမ်းတွင် ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသော အတားအဆီးများကို ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ် ငါးစီးတို့ဖြင့် ဖယ်ရှားရှင်းလင်းခဲ့ပြီး ခရီးသွားပြည်သူများ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၀ | ကျွဲတလင်း ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၄၀၉ | ၃၉၁ | ၁၄၁ | ၂၅၀ | |
| ၃၁ | လယ်ဝိုင်းကြီး ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၅၉ | ၁၄၁ | ၄၁ | ၁၀၀ | |
| ၃၂ | ထိုးဝါးစိုက် ကျေးရွာအုပ်စု | ၄ | ၂၁၀၀ | ၁၀၈၆ | ၁၀၁၄ | ၆၆၄ | ၃၅၀ | |
| ၃၃ | ကျောက်စရစ် ကျေးရွာအုပ်စု | ၅ | ၂၉၀၀ | ၁၅၉၉ | ၁၃၀၁ | ၇၅၁ | ၅၅၀ | |
| ၃၄ | ဒေါင်းမို့ ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၉၂၀ | ၇၈၀ | ၅၃၀ | ၂၅၀ | |
| ၃၅ | ရေလဲ ကျေးရွာအုပ်စု | ၆ | ၂၇၅၀ | ၁၆၆၈ | ၁၀၈၂ | ၄၈၂ | ၆၀၀ | |
| ၃၆ | နတ်သံကွင်း ကျေးရွာအုပ်စု | ၁၁ | ၈၂၀၀ | ၄၈၃၄ | ၃၃၆၆ | ၃၀၆၆ | ၃၀၀ | |
| ၃၇ | ရွာကြီးအင်း ကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၀၃၅ | ၅၆၅ | ၄၆၅ | ၁၀၀ | |
| ၃၈ | နှောင်ကုန်း ကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၉၂၁ | ၆၂၉ | ၆၇၉ | | ၅၀ |
| ၃၉ | မပုတ်ကျေးရွာ အုပ်စု | ၁ | ၉၅၀ | ၆၈၂ | ၂၆၈ | ၁၆၈ | ၁၀၀ | |
| ၄၀ | ကပ်ပယ်လမ်းခွဲ ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၂ | ၁၄၈ | ၉၈ | ၅၀ | |
| ၄၁ | ခဲဒိုး ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၀၆ | ၃၉၄ | ၃၄၄ | ၅၀ | |
| | **ရပ်ကွက်ချုပ် စုစုပေါင်း** | ၁၄၆ | ၁၀၁၀၀၀ | ၅၉၁၁၉ | ၄၁၈၈၁ | ၃၀၄၂၆ | ၁၁၅၀၅ | ၅၀ |
| | မြို့နယ်ကြိုတင် မဲလက်မှတ် | | ၇၈၆ | ၇၈၆ | | | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၂၁၄ | | ၂၁၄ | ၉၃၆၄ | | ၉၁၅၀ |
| | မြို့နယ်ချုပ် စုစုပေါင်း | | ၁၀၂၀၀၀ | ၅၉၉၀၅ | ၄၂၀၉၅ | ၃၉၇၉၀ | ၁၁၅၀၅ | ၉၂၀၀ |





ဥပဒေနှင့်အညီဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်မှာ နှေးကွေးသည်ဟု ၆၅ ရာခိုင်နှုန်းထင်မြင်ယူဆ

တိုကျို မတ် ၂၂

**ဖေဖော်ဝါရီလလယ်မှစတင်ခဲ့သည့် ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုအစီအစဉ်မှာ နှေးကွေးသည်ဟု ထင်မြင်ယူဆသူ သုံးပုံနှစ်ပုံအောက်ရှိသည်ဟု ကျိုဒိုသတင်းဌာနက မတ် ၂၁ရက်တွင် ကောက်ယူသည့် စာရင်းအရ သိရသည်။ မတ် ၂၀ ရက်တွင် တစ်နိုင်ငံလုံးအနှံ့ တယ်လီဖုန်းဖြင့် စစ်တမ်းကောက်ယူထားခြင်းဖြစ်ပြီး ၆၅ ဒသမ ၆ ရာခိုင်နှုန်းမှာ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးမှု အစီအစဉ်သည် နှေးကွေးသည်ဟု ယူဆကြောင်း ဖြေဆိုခဲ့ကြသည်။ ၂၈ ဒသမ ၉ ရာခိုင်နှုန်းမှာမူ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးမှု အစီအစဉ်မှာ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နေသည်ဟု ထင်မြင်ယူဆကြောင်း ဖြေကြားခဲ့ကြသည်။**

တိုင်းပြည်အတွင်း ကာကွယ်ဆေးထိုးနှံပေးမှုမှာ ကျန်းမာရေးဝန်ထမ်းများကို ထိုးပေးသည့်အဆင့်တွင်ပင် ရှိနေသေးပြီး ဧပြီလလယ်ပိုင်းမှ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးပေးမည်ဟု ရည်ရွယ်ထားရာ ယင်းနောက်ပိုင်းတွင် ယခုလို ရလဒ်ထွက်ပေါ်လာခြင်းဖြစ်သည်။

အသက် ၆၅ နှစ်နှင့်အထက် လူများအတွက် ကာကွယ်ဆေးကို ဇွန်လကုန်ပိုင်းမှ အစိုးရက ဒေသခံအစိုးရများဆီ ဖြန့်ဝေပေးမည်ဟု သိရသည်။

ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ပြည်သူများထံ စစ်တမ်းကောက်ယူရာ ၈၂ ဒသမ ၂ ရာခိုင်နှုန်းမှာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ဂျပန်နိုင်ငံတွင် ပျံ့နှံ့လာမည်ကို စိုးရိမ်နေကြသည်ဟု ဖြေကြားခဲ့ကြသည်။ တိုကျိုမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် အရေးပေါ်အခြေအနေကြေညာထားသည်မှာ မတ် ၂၁ ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။ အခြားခရိုင်များတွင်လည်း အရေးပေါ် အခြေအနေကြေညာထားမှုကို ဖယ်ရှားပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ တင်းကျပ်သည့် စည်းကမ်းများကိုလည်း ဖြေလျှော့ပေးခဲ့ပြီး ဖြစ်သည်။ **ကျိုဒို**



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။



ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်မြှင့်တင်မည်

**ဆော်ပိုလို မတ် ၂၂**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်း လုပ်ငန်းကို အရှိန်အဟုန် မြှင့်တင်သွားမည်ဟု ဘရာဇီး အစိုးရက မတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။

ယခု သီတင်းပတ်အတွင်း ကာကွယ်ဆေးထိုးရန် လျှောက်လွှာကို နှစ်ဆတိုးမြှင့်သွားပြီး ဘရာဇီးနိုင်ငံတွင် အကြီးမားဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီး အက်ဒဝက်ဒိုပါဇူလို က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ကြေညာချက်အရ ဆော်ပိုလိုရှိ ဘူတန်တန် အင်စတီကျူနှင့် အော်စဝက်ဒိုခရုဇ် ဖောင်ဒေးရှင်းတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုသွားမည်ဟု သိရသည်။

တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကာကွယ်ဆေးကို ဘူတန်တန် အင်စတီကျူတွင် တင်သွင်းထုတ်လုပ်ခြင်းဖြစ်ပြီး အော်စဝက်ဒိုခရုဇ် ဖောင်ဒေးရှင်းကမူ အောက်စဖို့ဒ် တက္ကသိုလ်မှ ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ထုတ်လုပ်ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၇ ရက်မှစတင်ကာ ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုများကို စတင်ခဲ့ပြီး ပြည်နယ်များတွင် ဒုတိယအကျော့ ကာကွယ်ဆေးထိုးရန် ကာကွယ်ဆေးတစ်ဝက်နီးပါးကို အရံအဖြစ် ထားရှိသည်။ ယခုသီတင်းပတ်အတွင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဌာနသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ငါးသန်းကို လက်ခံရရှိခဲ့သည်။ ဘူတန်တန် အင်စတီကျူမှ ၃ ဒသမ ၉ သန်း ရရှိခဲ့ပြီး အော်စဝက်ဒိုခရုဇ် ဖောင်ဒေးရှင်းကမူ ၁၀၅၁၇၅၀ လက်ခံရရှိခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ပြည်သူ ၁၁ ဒသမ ၇ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့ ထိုးနှံမှုခံယူပြီးပြီဖြစ်ပြီး ၄ ဒသမ ၁ သန်းမှာ နှစ်ကြိမ်စလုံးအပြည့် ကာကွယ်ဆေးထိုးပေးပြီးပြီးဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် မတ် ၂၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၉၉၈၂၃၃ ဦးရှိပြီး သေဆုံးသူ ၂၉၄၀၄၂ ဦးရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄ ဒသမ ၁၁ သန်းနား နီးကပ်လာ

**အဒစ်အဘာဘာ မတ် ၂၂**

အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ မတ် ၂၁ ရက်တွင် ၄၁၀၈၃၄၀ အထိ ရှိလာသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာသည် အာဖရိကသမဂ္ဂ၏ အထူးကျန်းမာရေး အေဂျင်စီဖြစ်ပြီး အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၀၉၇၂၄ ဦးရှိပြီး ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၃၆၇၆၆၃၈ ဦးရှိသည်ဟု သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၂၀၈၂ ဦးရှိပြီး အာဖရိကတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအမြင့်ဆုံးဖြစ်သည်။

ယင်းနောက်တွင် အီဂျစ်က သေဆုံးသူ ၁၁၅၅၇ ဦး ရှိပြီး မော်ရိုကိုတွင် သေဆုံးသူ ၈၇၆၃ ဦးရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကနိုင်ငံကိုးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သိန်းရှိပြီး တောင်အာဖရိကတွင် ကူးစက်ခံရသူတစ်သန်းရှိသည်ဟု အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ **ဆင်ဟွာ**



တောင်အာဖရိကတွင် ကျန်းမာရေးဝန်ထမ်းများက လူနာတစ်ဦးကို ကိုဗစ်-၁၉ ရှိ မရှိဆေးစစ်ပေးနေစဉ်။

## လစ်ဗျားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြန့်ဝေပေးနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဆွေးနွေးလျက်ရှိ

**ထရီပိုလီ မတ် ၂၂**

လစ်ဗျားနိုင်ငံ၏ ကျန်းမာရေးဝန်ကြီး အလီဇာနာတီနှင့် လစ်ဗျားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ အဲလစ်ဇလတ်ဟော့ဖ်တို့ တွေ့ဆုံခဲ့ကြပြီး လစ်ဗျားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထောက်ပံ့ပေးမှုအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ လစ်ဗျားနိုင်ငံတောင်ပိုင်း ကိုဗစ်-၁၉ ကူးစက်မှုများနေသည့် ဒေသများတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ လူနာများကို သီးခြားခွဲထားရေးစင်တာများ ထားရှိရန်နှင့် လူနာများအတွက် လိုအပ်သည့် အောက်ဆီဂျင်ပြတ်လပ်မှု အစရှိသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ ဖြစ်နိုင်သမျှ စောစော ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထောက်ပံ့ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်စလုံးမှ သဘောတူကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လစ်ဗျားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၅၁၆၀၅ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၁၃၈၁၁၂ ဦးရှိသည်။ လစ်ဗျားနိုင်ငံ အနောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အတွေ့အကြုံများကို ဖလှယ်ခြင်းဖြင့် အဖွဲ့အစည်းများအကြား ပူးပေါင်းလုပ်ဆောင်မှု တိုးမြှင့်မည်ဟု ထုတ်ပြန်ကြေညာထားသည်။ ထို့ပြင် ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာ ၁၀၇၈၇ ဦးရှိသည်ဟု ရောဂါထိန်းချုပ်ရေးအမျိုးသားစင်တာ၏ ဖော်ပြချက်အရသိရသည်။ **ဆင်ဟွာ**

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၂–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၁–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၃၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၄,၇၇၀) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၆၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၆၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၂၂-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၅၂၃၀၁၅ | ၂၂၇၅၄၃၀၀ | ၅၅၅၃၂၄ |
| ၂။ | ဘရာဇီး | ၁၁၉၉၈၂၃၃ | ၁၀၄၄၉၉၃၃ | ၂၉၄၁၁၅ |
| ၃။ | အိန္ဒိယ | ၁၁၆၄၇၉၂၄ | ၁၁၁၅၁၅၇၂ | ၁၆၀၀၁၉ |
| ၄။ | ရုရှား | ၄၄၆၆၁၅၃ | ၄၀၇၇၁၈၅ | ၉၅၃၉၁ |
| ၅။ | ဗြိတိန် | ၄၂၉၆၅၈၃ | ၃၆၇၃၂၁၁ | ၁၂၆၁၅၅ |
| ၆။ | ပြင်သစ် | ၄၂၈၂၆၀၃ | ၂၇၉၆၄၆ | ၉၂၃၀၅ |
| ၇။ | အီတလီ | ၃၃၇၆၃၇၆ | ၂၆၉၉၇၆၂ | ၁၀၄၉၄၂ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၃၀၁၃၁၂၂ | ၂၈၂၅၁၈၇ | ၃၀၀၆၁ |
| ၁၀။ | ဂျာမနီ | ၂၆၇၀၀၀၀ | ၂၄၂၃၄၀၀ | ၇၅၂၇၀ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၆၅၉၂၈ | ၁၂၉၇၉၆၇ | ၃၉၇၁၁ |
| ဖိလစ်ပိုင် | ၆၇၁၇၉၂ | ၅၇၇၈၅၀ | ၁၂၉၇၂ |
| မလေးရှား | ၃၃၄၁၅၆ | ၃၁၈၇၈၄ | ၁၂၃၈ |
| မြန်မာ | ၁၄၂၂၆၄ | ၁၃၁၇၆၅ | ၃၂၀၄ |
| စင်ကာပူ | ၆၀၂၀၈ | ၆၀၀၃၈ | ၃၀ |
| ထိုင်း | ၂၇၈၇၆ | ၂၆၆၆၃ | ၉၁ |
| ဗီယက်နမ် | ၂၅၇၂ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၇၅၃ | ၉၆၇ | ၃ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

❖ *ကျောဖုံးမှ*

ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်တွင် အေတီမက်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ထရစ်ပီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၈၆ မိနစ်တွင် အလာဗက်စ် အသင်း ပယ်နယ်တီ ကန်ခွင့်ရရှိခဲ့သည်။ ဂျို့စ်လူကန်သွင်းရာ ဂိုးမဝင်သဖြင့် အလာဗက်စ်အသင်း နစ်နာခဲ့ရသည်။ ထို့နောက် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အေတီမက် အသင်းက တစ်ဂိုး–ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် အေတီမက်အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့် ဆွာရက်ဇ်သည် ကစားသမားဘဝ သွင်းဂိုး ၅၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။ အေတီမက်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါအမှတ်ပေးဇယား တွင် ၂၈ ပွဲကစားပြီး ၆၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ အလာဗက်စ်အသင်းက ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် လာမည့်နှစ် လာလီဂါတွင် တင်ကျန်ရန်အတွက် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။

လာလီဂါပွဲစဉ် (၂၈) မှ အခြားသောပွဲစဉ်အဖြစ် ရီးရဲဆိုစီဒက်နှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါ ၂၈ ပွဲကစားပြီး ၆၂ မှတ်ဖြင့် ဦးဆောင်သူ အေတီ မက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

**အောင်ဇော်**

## လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမ များ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက် ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် များအတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်နှင့် မအူပင် ခရိုင်များရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် မိုးညိုမြို့နယ်တို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် တာဝန်ရှိသူများက လည်းကောင်း၊ သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက် ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူလူထုမှ သတင်းပေးနိုင်ရန် ထုတ်ပြန်

နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိပြီး တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw-CRPH) နှင့် ယင်းကော်မတီကဖွဲ့စည်းထားသော အဖွဲ့အစည်းများကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ တွင် မတရားအသင်းအဖြစ် ကြေညာပြီးဖြစ်ပါသည်။

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ နိုင်ငံတော်မှ မတရားအသင်းကြေညာထားသော CRPH အဖွဲ့ဝင်များအနေဖြင့် ၂၂-၃-၂၀၂၁ ရက်နေ့ နံနက် ၀၉၀၀ အချိန်တွင် Online Meeting ဖြင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း သိရှိရပါသည်-

(၁) VOA သတင်းဌာနနှင့် အင်တာဗျူး မေးခွန်းများအပေါ် ဇော်ဝေစိုးမှ ပြန်လည်ဖြေကြားပြီး မကြာမီ အမြန်ဆုံး ပေးပို့သွားရန်။
(၂) NED သို့ ရန်ပုံငွေဆောင်ရွက်ရန်တွက် ထင်လင်းအောင်မှ မူကြမ်းရေးသားသွားရန်။
(၃) သက်ကြီးပင်စင်နှင့် ပတ်သက်၍ အမြန်စာထုတ်နိုင်ရေး CRPH အဖွဲ့မှ အဆုံးအဖြတ်ပေးရန်။
(၄) အစိုးရအဖွဲ့ အင်္ဂါစဉ်အား ၂၁-၃-၂၀၂၁ ရက်နေ့တွင် လွင်ကိုလတ်မှ ထုတ်ပြန်သွားရန်။
(၅) ယာယီဒုတိယသမ္မတ မန်းဝင်းခိုင်သန်းမှ အမေရိကန်သမ္မတထံ လျှို့ဝှက်စာ ပေးပို့နိုင်ရန် အတွက် ကျော်မိုးထွန်းမှ မူကြမ်း ရေးသားပေးရန်။
(၆) ဝင်းမြတ်အေးနှင့် ဇော်ဝေစိုးတို့မှ Development Partner များနှင့် တွေ့ဆုံရန်။
(၇) ICC နှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးရန်အတွက် ၂၂-၃-၂၀၂၁ ရက်နေ့တွင် CRPH အဖွဲ့ဝင်များမှ အစည်းအဝေး ပြုလုပ်ရန်။
(၈) Offshore ကိစ္စအတွက် ထင်လင်းအောင်၊ တင်ထွန်းနိုင်နှင့် ကျော်မိုးထွန်းတို့မှ တွေ့ဆုံ ဆွေးနွေးရန်။
(၉) NUCC မတိုင်မီ Charter ကိစ္စအသေးစိတ် တင်ပြအစည်းအဝေးပြုလုပ်ရန်အတွက် လွင်ကိုလတ်အား တာဝန်ပေးအပ်ရန်။
(၁၀) ဘဏ်္ဍာလီကိစ္စနှင့်ပတ်သက်ပြီး Media ကို Consistently response နည်းဗျူဟာ လုပ်ရန်အတွက် CRPH အဖွဲ့ဝင်များမှ အစည်းအဝေးပြုလုပ်ရန်။
(၁၁) မြန်မာပြည်အတွင်း ရန်ပုံငွေကောက်ခံသုံးစွဲရန် နည်းလမ်းရှာပေးရန်အတွက် ဖြူဖြူသင်းနှင့် လွင်ကိုလတ်တို့အား တာဝန်ပေးအပ်ရန်။
(၁၂) လူကယ်ပြန်ဝန်ကြီးဌာန၏ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ထုတ်ပြန်ရန်အတွက် ဝင်းမြတ်အေးအား တာဝန်ပေးအပ်ရန်။
(၁၃) မဟာနာယကဆရာတော်ကြီး ၄၇ ပါးမှ ၎င်းတို့၏ရုံးခန်းများပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာထားသည့်အပေါ် ယာယီဒုတိယသမ္မတ မန်းဝင်းခိုင်သန်းမှ ကျေးဇူးတင်ကြောင်း စာထုတ်ရန်။

ထို့အပြင် ယင်းကော်မတီ၌ ဦးဆောင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင် (၁၅) ဦးနှင့် ယင်းကော်မတီက တရားမဝင် ခန့်အပ်တာဝန်ပေးခြင်းကို လက်ခံဆောင်ရွက်သူများကိုလည်း နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူထားရှိပြီး သက်ဆိုင်ရာတရားရုံးများမှ ဖမ်းဝရမ်းများ ထုတ်ဆင့်ထားရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ သက်ဆိုင်ရာတရားရုံးများက ဖမ်းဝရမ်းထုတ်ဆင့်ထားသော ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားပါက လက်ခံထားသူများကိုပါ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | အမည်၊ နေရပ်လိပ်စာ | ဓာတ်ပုံ |
|---|---|---|
| ၁ | ဦးစောယှားဖောင်းအွာ (ဘ)ဦးနေခဲထွဲယ်၊ ၃/ ဘအန (နိုင်) ၁၆၉၈၃၁၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ရွာမရပ်ကွက်၊ အိန္ဒုစံပြကျေးရွာ၊ ဘားအံမြို့နယ်။ |  |
| ၂ | ဦးဇေလတ်၊ (ဘ)ဦးညွှန့်အောင်၊ ၇/ပခန(နိုင်) ၁၇၆၂၁၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဥဿာမြို့သစ် (၂)ရပ်ကွက်၊ပဲခူးမြို့။ |  |
| ၃ | ဦးဝင်းနိုင်၊ (ဘ) ဦးမြမောင်၊ ၁/ မတက (နိုင်) ၀၀၄၈၀၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်။ |  |
| ၄ | ဦးနိုင်ထူးအောင် (ဘ)ဦးအေးဆွေ၊ ၉/ နထက (နိုင်) ၁၃၁၂၂၈၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ အမှတ်(၃) ရပ်ကွက်၊ နွားထိုးကြီးမြို့နယ်။ |  |
| ၅ | ဦးမျိုးနိုင်(ဘ) ဦးစံအေး၊ ၉/ မရမ (နိုင်) ၀၂၁၃၁၇၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်။ |  |
| ၆ | ဒေါ်မြတ်သီတာထွန်း (ဘ)ဦးငွေမြင့်၊ ၁၀/ သဖရ (နိုင်) ၀၉၃၀၄၆၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ စက်သစ်ရပ်ကွက်၊ သံဖြူဇရပ်မြို့။ |  |
| ၇ | ဒေါ်ဖြူဖြူသင်း၊ (ဘ)ဦးလှထွန်း၊ ၁၂/ ဥကတ (နိုင်) ၁၀၈၈၅၀၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ |  |
| ၈ | ဦးထွန်းမြင့်(ဘ)ဦးတင်ထွဋ်၊ ၁၂/ ဗဟန (နိုင်) ၀၈၆၀၃၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။ |  |
| ၉ | ဦးဝေဖြိုးအောင်(ဘ)ဦးတင်ဝင်း၊ ၁၂/ သကတ (နိုင်) ၁၃၈၂၆၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ၄/ တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ |  |
| ၁၀ | ဒေါ်ဇင်မာအောင်၊ (ဘ) ဦးအောင်ကြည်၊ ၁၂/ ဥကတ (နိုင်) ၀၁၉၉၁၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ (၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် |  |
| ၁၁ | ဦးလွင်ကိုလတ် (ဘ) ဦးလှဝင်း၊ ၁၂/ သလန (နိုင်) ၀၀၈၃၉၆၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ သူဌေးကွင်းကျေးရွာ၊ သန်လျင်မြို့နယ် |  |
| ၁၂ | ဦးနေမျိုး(ခ) ဦးဝင်း(ခ) မြင့်ဦး၊ (ဘ)ဦးကြည်၊ ၁၃/ ညရန (နိုင်) ၀၅၇၈၂၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ နန္ဒဝန်(၆)ရပ်ကွက်၊ ညောင်ရွှေမြို့။ |  |
| ၁၃ | ဦးဇော်မင်းသိန်း(ဘ)ဦးငွေရှိန်၊ ၁၄/ လမန (နိုင်) ၀၅၃၀၂၄၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဈေးတာလေးရပ်ကွက်၊ လေးမျက်နှာမြို့နယ် |  |
| ၁၄ | ဦးရည်မွန်(ခ)မောင်တင်သစ် ၊ (ဘ)ဦးကျော်ဆွေ၊ ၉/ ပမန (နိုင်) ၁၃၁၈၉၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ အမှတ်(၃) ရပ်ကွက်၊ ကျည်တောင်ကန်၊ ပုဗ္ဗသီရိမြို့နယ် |  |
| ၁၅ | ဦးဥက္ကာမင်း၊ (ဘ)ဦးမြင့်စိုး၊ ၆/ မမန (နိုင်) ၁၁၄၉၄၂၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ သိန်းညီနောင်လမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့နယ် |  |

ယခုအခါ CRPH နှင့် ၎င်းက ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာထားပြီးဖြစ်သဖြင့် ယင်းကော်မတီ၌ဖြစ်စေ၊ ၎င်းကဖွဲ့စည်းထားသော အဖွဲ့အစည်းများ၌ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းပြုလျှင် သို့မဟုတ် ယင်းကော်မတီ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းပြုလျှင် မတရားအသင်းများအက်ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို အသိပေးထုတ်ပြန်ထားကြောင်းနှင့် ၎င်းတို့အား ဖမ်းဆီးရမိရေး အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (Interpol)သို့ အကြောင်းကြားထားပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့အတွင်း ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

ဒေးဒရဲမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အမှတ်(၂)ရပ်ကွက်၊ ပြည်တော်သာလမ်းမြို့နယ် NLD ရုံးအနီးရှိ လူမနေသည့်နေအိမ်၌ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ထားရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ယနေ့မွန်းလွဲ ၁၂ နာရီ ခွဲခန့်တွင် သွားရောက်ရှာဖွေရာ ၎င်းနေအိမ်၏ အနောက်ဘက်ရှိ အုတ်ကန်အဟောင်းအတွင်းမှ သံဒိုင်းမျိုးစုံ ၃၈ ခု၊ အဝါရောင်ဖိုက်ဘာဦးထုပ် ၉ လုံး၊ ဓာတ်ငွေ့ကာ ၁၁ ခု၊ လက်အိတ် ၁၁ ခု၊ ဓာတ်ငွေ့ကာမျက်မှန် ၁၇ လက်နှင့် ဗီနိုင်းမျိုးစုံ ၁၇ ချပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို အမြန်ဆုံး စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် ကိုင်ဆောင်အသုံးပြုရန် ဗီနိုင်းဆိုင်းဘုတ်ပြုလုပ်ပေးသည့် ကြော်ငြာလုပ်ငန်းဆိုင်အား ဖမ်းဆီး

နေပြည်တော် မတ် ၂၂

**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် ကိုင်ဆောင်အသုံးပြုရန် ဗီနိုင်းဆိုင်းဘုတ်ပြုလုပ်ပေးသည့် ကြော်ငြာလုပ်ငန်းဆိုင်အား ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**



သိမ်းဆည်းရမိသည့် ပုံနှိပ်လုပ်ငန်းတွင် အသုံးပြုသည့်စက်နှင့် ဆက်စပ်ပစ္စည်းများ။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လူအားဖြင့် လှုပ်ရှားမှုများအပြင် နိုင်ငံတော်အစိုးရဆန့်ကျင်ရေးရုပ်ပုံများ၊ စာတန်းများအား အများပြည်သူပိုင် လမ်းမကြီးများတွင် ဆေးရေးခြယ်ခြင်း၊ ညအချိန်တွင် အစိုးရဆန့်ကျင်ရေးစာသားများပါ ဖယောင်းတိုင်ထွန်းခြင်း စသည်ဖြင့် လူစုလူဝေးဖြစ်ပေါ်အောင် လှုံ့ဆော်ဆောင်ရွက်မှုများအပြင် နိုင်ငံတော်အကြီးအကဲ၏ ဓာတ်ပုံများအား ဗီနိုင်း/စက္ကူများဖြင့် ပုံနှိပ်ထုတ်ဝေပြီး လမ်းမကြီးများနှင့် လူသွားလမ်းကြောင်းများတွင် ချထားခြင်း၊ အုတ်တံတိုင်းနှင့် သံချိုင်းအုတ်ဂူများတွင် ကပ်ထားခြင်း စသည်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အခြေအနေ အခွင့်သာမှုအပေါ် မူတည်ကာ မသင့်မလျော်လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များသည် ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် ငြိစွန်းသည့်အပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅–က ဖြင့် အရေးယူခံရသည့် ပြစ်မှုကျူးလွန်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ယင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြု(မပြု)လုပ်ကြပါရန်နှင့် စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၈ ရက်တွင် သတင်းထုတ်ပြန် အသိပေးထားရှိပြီးဖြစ်ကြောင်း။

ထိုသို့ သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သော်လည်း အချို့သောမြို့နယ်များတွင် ဆက်လက်ပြုလုပ်မှုများရှိနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်ကွက်ရှိ အောင်မင်းမြတ် (ခ) အောင်ကြီး (၅၈) နှစ် (ဘ) ဦးကျော်ဇောမြတ် ပိုင်ဆိုင်သော “အောင်ကြီး ဆီဇာ” ကြော်ငြာလုပ်ငန်းဆိုင်သို့ မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ဝင်ရောက်ရှာဖွေခဲ့ရာ အောင်မင်းမြတ်(ခ) အောင်ကြီးကို ဆိုင်အတွင်း၌ အသင့်တွေ့ရှိရသဖြင့် ထိန်းသိမ်းပြီး ၎င်းဆိုင်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုသော ကွန်ပျူတာ ၅ စုံ၊ ဗီနိုင်းစက် ဖ လုံး၊ စတေကာဖြတ်စက် ၁ လုံး၊ ရက်စွဲအလိုက် မှာယူပစ္စည်းများ ရေးသွင်းထားသည့် စာရင်းစာအုပ် ၂ အုပ်၊ ပြေစာ စာအုပ် ၁ အုပ်၊ နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေးရုပ်ပုံနှင့် စာသားများပါ ဗီနိုင်းစတေကာမျိုးစုံ ၁၂ ခု၊ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုသော ဆက်စပ်ပစ္စည်း ကိရိယာမျိုးစုံတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ အောင်မင်းမြတ်(ခ) အောင်ကြီးအား နိုင်ငံတော်အစိုးရဆန့်ကျင်ရေး ရုပ်ပုံနှင့် စာသားများပါ ဗီနိုင်း၊ ပိုစတာနှင့် စတေကာများအား ပုံနှိပ်ထုတ်ဝေပေးခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပညာရေးမှူးရုံး၌ လက်လုပ်အသံမိုင်း ၂ လုံးပေါက်ကွဲမှုဖြစ်ပွား



**နေပြည်တော် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပညာရေးမှူးရုံး၌ လက်လုပ်အသံမိုင်း ၂ လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။





လက်လုပ်အသံမိုင်း ပေါက်ကွဲသည့်နေရာအား ပြသစဉ်။

ယင်းသတင်း ထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရေးတို့အတွက် နောက်ကွယ်မှ ကြိုးကိုင် ခြယ်လှယ်နေသူများ၏ သွေးထိုးလှုံ့ဆော်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ ရဲကင်း၊ ရဲစခန်းများအား လူအင်အားဖြင့် ဝင်ရောက်စီးနင်းခြင်း၊ မီးပုလင်းများ အသုံးပြု၍ မီးရှို့ဖျက်ဆီးရန် ကြံစည်ခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများအပြင် အများပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ရပ်များကို နေ့စဉ်ရက်ဆက်ဆိုသလို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မတ် ၂၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် တံတားဦးမြို့နယ် အမှတ်(၁)ရပ်ကွက် စိတ္တာမဟီလမ်းရှိ မြို့နယ်ပညာရေးမှူးရုံး၌ အခြေခံပညာမူလတန်းကျောင်းအုပ် စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်လျက်ရှိသော မြတ်ပညာ သင်တန်းခန်းမရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ အခင်းဖြစ်နေရာသို့ သွားရောက်ပြီး ရှင်းလင်းစစ်ဆေးခဲ့ရာ ခန်းမပတ်ဝန်းကျင်တွင် ပေါက်ကွဲပြီး လက်လုပ်အသံမိုင်း ၂ လုံးကို တွေ့ရှိခဲ့ရကြောင်း။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ အမျိုးသား ၂ ဦး(စိစစ်ဆဲ)မှ စိတ္တာမဟီ လမ်းမအတိုင်း ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်လာပြီး လက်လုပ်အသံမိုင်း ၂ လုံးကို ကျောင်းဝင်းအတွင်းသို့ ပစ်သွင်းခဲ့ရာ ၁ လုံးမှာ သင်တန်းခန်းမနှင့် ၁၀ ပေ အကွာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျန် ၁ လုံးမှာ သင်တန်းခန်းမနှင့် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ ပေါက်ကွဲမှုကြောင့် လူထိခိုက် ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ပြုလုပ်သည့် လက်လုပ်အသံမိုင်း ပေါက်ကွဲမှုဖြစ်ကြောင်း။

လက်လုပ်အသံမိုင်းပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက် လျက်ရှိပြီး အလားတူဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှု မရှိစေရေး လုံခြုံရေးအင်အား တိုးမြှင့်ချထား၍ နေ့/ည လှည့်ကင်းများအား မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ အများပြည်သူသုံး လမ်းမကြီးပေါ်တွင် ကားဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ ဆူပူဆန္ဒပြသူကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ အများပြည်သူသုံးလမ်းမကြီးပေါ်တွင် ကားဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ ဆူပူဆန္ဒပြသူကို ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ထိန်းသိမ်းနိုင်ရေးတို့အတွက် လှည့်ကင်းယာဉ်များဖြင့် နေ့/ညမပြတ် လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်၌ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်တွင် မြင့်မြတ်သူရလှိုင် (၂၃)နှစ် (ဘ) ဦးဇော်ဝင်းလှိုင်သည် ယာဉ်အမှတ် YGN 3G–8618 Hijet ယာဉ်ကို အများပြည်သူလူထု အနှောင့်အယှက်ဖြစ်စေရန် ဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ မောင်းနှင် ဆူပူဆန္ဒပြနေသည်ကို တွေ့ရှိရသဖြင့် ရဲစခန်းသို့ ခေါ်ဆောင်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် တရားဥပဒေမဲ့လုပ်ရပ်များကို အချိန်မီထိန်းသိမ်းနိုင်ရေး ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကို အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံ အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မတ် ၂၂**

သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ် နှစ်စဉ် ချီးမြှင့်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးကာ စစ်ဆေးပေါ်ပေါက်ချက်များအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ ဖြင့် အမှု(၃)မှုဖွင့်ကာ တရားစွဲဆိုအရေးယူ ဆောင်ရွက်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထပ်မံစစ်ဆေးတွေ့ရှိချက်အရ သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ငွေကျပ်သိန်း ၂၅၀ ကျော် တန်ဖိုးရှိသည့် အလေးချိန် ၂၀ ကျပ်သားခန့်ရှိသော ရွှေပန်းကန်တစ်ချပ်ကို ကျသင့်တန်ဖိုးပေးချေခြင်းမရှိဘဲ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကို အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ နေပြည်တော် သက်ဆိုင်ရာရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ ထပ်မံတရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အမျိုးသမီးတစ်ဦး ၆ လွှာမှ ပြုတ်ကျသေဆုံးမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/ရှေ့ ရပ်ကွက်၊ ၉၁ လမ်းအတွင်းရှိ တိုက်အမှတ်(၁၀၀)၊ (၆)လွှာ တိုက်ခန်း၌ နေထိုင်သည့် အမျိုးသမီးတစ်ဦးသည် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ၎င်းနေထိုင်သည့် နေအိမ်အနောက်ဘက် ပြတင်းပေါက်မှ အရှိန်လွန်ကာ မတော်တဆ ပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သက်ဆိုင်ရာမှလည်း သေမှုသေခင်းဖြစ်စဉ် ဖွင့်လှစ်၍ အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းဖော်ထုတ်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဆန့်ကျင်ရေးနှင့် မမှန်သတင်းများကိုသာ ရယူ၍ မမှန်သတင်းများ ဖြန့်ချိနေကြသည့် ပြည်တွင်းမီဒီယာအများစုနှင့် ၎င်းသတင်းဌာနများ၏ မမှန်သတင်းများ ပေးပို့ဖော်ပြချက်ကိုပင် တစ်ဖက်သတ်ရယူ၍ အစိုးရဆန့်ကျင်ရေး ဝေဝေဆာဆာ ဖော်ပြကြလေ့ရှိသည့် သတင်းဌာနကြီးများသည် we love yangon ကို စစ်ကောင်စီဝင်ရောက် စီးနင်း၍ အမျိုးသမီးတစ်ဦး တိုက်ပေါ်က ပြုတ်ကျသေဆုံးကြောင်း ဖော်ပြနေကြကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ သတင်းမှား ဖြန့်ချိနေမှုအပေါ် သေဆုံးသူ ကာယကံရှင်နှင့် အတူနေထိုင်ကြသူများကလည်း မဟုတ်မှန်ကြောင်း၊ စွပ်စွဲချက်ကြောင့် အတူနေထိုင်သူများ တွန်းချတရားခံအဖြစ်သို့ ရောက်ရှိစေရေး ဦးမတည်စေလိုကြောင်း ဆိုရှယ်မီဒီယာမှာပင် တုံ့ပြန်ဖော်ပြလာကြောင်း တွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ဖြစ်စဉ်မှန်အတိုင်း ဖြစ်ပေါ်လာစေရေး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း အမှုမှန်၊ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက် ပေးကြရန် အသိပေး နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လားရှိုးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အကြမ်းဖက်လူတစ်စုက ဒေသန္တရလက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၂၂**

လားရှိုးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အကြမ်းဖက်လူတစ်စုက ဒေသန္တရလက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၆)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ခန့်တွင် မန္တလေးလမ်းဘက်မှ ရေကန်တောင်ဘက်သို့ CZI အမျိုးအစား မော်တော်ဆိုင်ကယ် မောင်းနှင်လာသည့် အမျိုးသားနှစ်ဦးက ဒေသန္တရလက်ပစ်ဗုံး တစ်လုံးဖြင့် လာရောက်ပစ်ခဲ့သဖြင့် ရုံးဝင်းအတွင်းရှိ စာရွက်စာတမ်းများ ထားသိုသည့်စတိုအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုဖြစ်ပွားခဲ့ကြောင်း။

ဒေသန္တရလက်ပစ်ဗုံးပစ်ခတ်မှုကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းရှိ စတိုနံရံ၊ မျက်နှာကြက် အနည်းငယ်ထိခိုက်ပျက်စီး၊ စတိုခန်းနှင့်တွဲလျက် အိမ်သာတံခါးမှန် ထိခိုက်ကွဲအက်မှုဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း ။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သွားသူများနှင့် ပါဝင်ပတ်သက်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အပူတပြင်း ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး စတိုခန်းအတွင်းရှိ အပျက်အစီးများကို တွေ့ရစဉ်။



(ဝဲမှယာ)တရားခံ ငရှိုင်း(ခ)နေထက်ရှိုင်း၊ ကျော်ကျော်လွင်(ခ)ကျော်ကြီး

# ညောင်လေးပင်မြို့နယ် ရဲစခန်းကို မီးပုလင်းနှင့် ရန်ပြုပစ်ခတ်

**နေပြည်တော် မတ် ၂၂**

ညောင်လေးပင်မြို့နယ် ရဲစခန်းကို မီးပုလင်းနှင့် ရန်ပြု အကြမ်းဖက်ပစ်ခတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၁ ရက် ည ၁၂ နာရီခွဲတွင် ညောင်လေးပင်မြို့နယ်ရှိ နယ်မြေရဲစခန်းကို ငရှိုင်း(ခ)နေထက်ရှိုင်း(၂၃)နှစ်၊ (ဘ) ဦးဖိုးထောင်ပါ ၂ ဦးသည် ရဲစခန်းခြံစည်းရိုးဘေးချုံပုတ်တွင်းမှ ပုန်းအောင်းကာ ပုဆိုးစနှင့် ဓာတ်ဆီများထည့်ထားသော ဖန်ပုလင်းမီးရှို့၍ ရဲစခန်းဝင်းအတွင်းသို့ ရန်ပြုပစ်ခတ်ခဲ့၍ ခြံစည်းရိုးဘေးတွင် လှန်းထားသော အဝတ်အထည်အချို့ မီးလောင်ပျက်စီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငရှိုင်း(ခ) နေထက်ရှိုင်းပါ ၂ ဦးကို လိုက်လံဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ် ထားရှိသည်။

**ထိရောက်စွာ ဖော်ထုတ်အရေးယူ**

ဆူပူအကြမ်းဖက်သူများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား အလေးထားဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံး၊ ရဲစခန်းများအား အကြောင်းမဲ့ ရန်ပြုအကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူအကြမ်းဖက်မှုမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကျူးလွန်သူများအပြင် သွေးထိုးလှုံ့ဆော်သူများအားလည်း ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ စီမံကိန်းလုပ်ငန်းများ လာရောက်ရှင်းလင်း

**တောင်ကြီး မတ် ၂၂**

တာချီလိတ်မြို့နယ်အတွင်းရှိ လယ်ယာမြေများအား လယ်ယာမြေအခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ လုပ်ငန်းရှင်များက လာရောက် ရှင်းလင်းမှုကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ဖေဖော်ဝါရီ ၁ ရက်မှစ၍ အစိုးရအသစ် အပြောင်းအလဲအုပ်ချုပ်မှုကာလတွင် ယခင်အစိုးရလက်ထက်က မပြီးပြတ်သေးသည့် စီမံကိန်းလုပ်ငန်းများ ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် အများဆုံးသက်ဆိုင်မှုမှာ မြေယာကိစ္စများဖြစ်သည့် ငှားရမ်းမှု၊ အခြားနည်းသုံးစွဲမှုများပါဝင်သောကြောင့် ယင်းလုပ်ငန်းများအား စုစည်းကာ အချို့လုပ်ငန်းများကို ရှင်းလင်းပြီး အစိုးရအဖွဲ့ကို တင်ပြ၍ လိုအပ်သည်များကို ပြည်နယ်ကောင်စီ အဖွဲ့ဝင်များကဆွေးနွေးကာ အမှုတွဲအားလုံးပြီးပြည့်စုံပါက သက်ဆိုင်ရာကို ပြန်လည်ဆက်တင်ပြီး ပြန်ကျလာပါက ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် တကယ်လုပ်မည့် လုပ်ငန်းရှင်ကြီးများကို ခေါ်ယူ၍ ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် လုပ်ငန်းရှင်များက လာရောက်ရှင်းလင်းကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်မည့် လုပ်ငန်းရှင်များဖြစ်သော ဦးလော်ဒါ၊ ဒေါ်ဝါဝါနှင့် ဒေါ်မီဒေးကိုယ်စား တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် သက်ဆိုင်ရာဌာနများက ဆွေးနွေးကြကာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဗန်းမောက်မြို့နယ်တွင် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်

**ဗန်းမောက် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံထုံကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်သည်။

လမ်းခင်းဆောင်ရွက်ရာတွင် ဦးအောင်မြင့်ထွန်း (လုပ်ငန်းကြီးကြပ်မှုတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး)၏ ညွှန်ကြားမှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းမင်းဇော်က ကြီးကြပ်လျက် လမ်းအရှည် ၁ မိုင် ၄ ဖာလုံ အကျယ် ၁၂ ပေ၊ အမြင့် ၁၄ လက်မ ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၇၄၇ သန်းဖြင့် ၂၀၂၁ ခုနှစ်အတွင်း သတ်မှတ်ချိန် ကာလထက် ဆောလျင်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့များသို့ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅၂၈၃၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၅၂၉၁၇၅၉၆
Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၈၄၆၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone – ၀၉ ၂၅၈၄၆၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone – ၀၉ ၂၅၇၀၈၀၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone – ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

*စာမျက်နှာ ၂၁ သို့*

# သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပ

**သီပေါ မတ် ၂၂**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ နှစ်ပေါင်း ၂၀၀ ကျော်ခန့်က အစဉ်အလာမပျက် ကျင်းပခဲ့သည့် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘုရားကြီးအရှေ့ဘက်မုခ်ဦးအဝင်၌ ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘုရားကြီးရင်ပြင်တော်ပေါ်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားတော်နှင့် ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စေတီတော်ကြီး၏မုခ်လေးမုခ်တွင် ကိန်းဝပ်စံပယ်တော်မူကြသည့် ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်၊ ရတနာစျာန်အောင်မြတ်ဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ပေါ်ကြိုဘုရားကြီး၏ ၁၃၈၂ ခုနှစ်၊ ဓမ္မပူဇာကို ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အရှင်သူမြတ် ၃၅ ပါးတို့က နေ့/ညမပြတ် အလှည့်ကျ တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းတော်ကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်သို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ဘုရားဂေါပကအဖွဲ့နှင့် လုံခြုံရေးဝန်ထမ်းများက ဘုရားအဝင်၊ အထွက်ရင်ပြင်တော်တွင် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ရေမလို လက်သန့်ဆေးရည်သုံး၍ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်မလာသူများအား နှာခေါင်းများအခမဲ့ပေးဝေ၍ တပ်ဆင်စေခြင်းနှင့် ဘုရားဖူးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များဖြစ်သည့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာ ဖူးမြော်ကြည်ညိုကြစေရန် လိုက်လံအသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**



# စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့တို့တွင် မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် မတ် ၂၂**

ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများ၊ စစ်ဘေးရှောင်စခန်းများအတွက် သက်ဆိုင်ရာမြို့နယ် မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ နေ့စဉ်ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ဖြန့်ဝေလှူဒါန်းရာတွင် မတ် ၁၈ ရက်က စစ်တွေမြို့နယ်မီးသတ်စခန်းမှ စက်ရုံစုရပ်ကွက်၊ ငါးစရိုင်းဘုန်းတော်ကြီးကျောင်း (စစ်ဘေးရှောင်စခန်း) သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်ကို မီးငြှိမ်းသတ်ယာဉ် တစ်စီးဖြင့် လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ ရေဖြူကန် (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်ကို မီးငြှိမ်းသတ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ လည်းကောင်း၊ မြောက်ဦးမြို့နယ်မီးသတ်စခန်းမှ တိန်ညိုကျေးရွာ (တိုက်ပွဲရှောင်စခန်း) သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်ကို မီးငြှိမ်းသတ်ယာဉ် တစ်စီးဖြင့် လည်းကောင်း သွားရောက် လှူဒါန်းခဲ့သည်။

**အောင်မျိုး**

*စာမျက်နှာ ၂၀ မှ*

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone – ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone – ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone – ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone – ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone – ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone – ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၂၇၄၄၊ ၀၉ ၄၂၃၃၂၇၄၅၊ ၀၉ ၄၂၃၃၂၇၄၆
Viber Phone – ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone – ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone – ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone – ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone – ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone – ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone – ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone – ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone – ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone – ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone – ၀၉ ၄၅၄၄၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
Viber Phone – ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၆
Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone – ၀၉ ၂၆၉၄၈၂၈၂၀

## ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ ကျောက်ရိုးစီ သံပေါင်ကွန်ကရစ်တံတား တည်ဆောက်

ကံမ မတ် ၂၂
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနသည် မြို့နယ်အတွင်းမှ ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်များကို စျေးနှုန်းသက်သာစွာဖြင့် စျေးကွက်သို့ လွယ်ကူ လျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်လျက် ထန်းတောကျေးရွာအုပ်စု ထန်းတော ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း တစ်လမ်းကို ဖောက် လုပ်ပေးလျက်ရှိကာ ယင်းလမ်းပေါ်၌ လိုအပ်သော ကျောက်ရိုးစီ သံပေါင်ကွန်ကရစ်တံတား တစ်စင်းကိုလည်း တည်ဆောက်ပေးလျက်ရှိ ကြောင်း သိရသည်။

တံတားတည်ဆောက်နေမှုကို ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသူရရှိန်နှင့် ဝန်ထမ်းများ၊ တာဝန်ယူတည်ဆောက် နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များက မတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက် သွားရန် မြို့နယ်ဦးစီးမှူးက ကုမ္ပဏီ တာဝန်ရှိသူ များအား မှာကြားခဲ့သည်။

အဆိုပါ ကျောက်ရိုးစီသံပေါင် ကွန်ကရစ်တံတား ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈ သန်းဖြင့် တင်ဒါအောင်မြင် သည့် ငြိမ်းစံဝေကုမ္ပဏီက တာဝန်ယူ တည်ဆောက် လျက်ရှိပြီး အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေရှိကာ လက်ရှိအချိန်တွင် တည်ဆောက်မှု ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် တံတားတည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးပါက ထန်းတောကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်မှ ပြည်သူများနှင့် ကျေးရွာဝန်းကျင်ရှိ လယ်ယာမြေ ၂၇၅ ဧကခန့်မှ ထုတ်ကုန်များကို မြို့ပြသို့ လွယ်ကူစွာပို့ဆောင်နိုင်ရန် အကျိုးပြု မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**



## မြင်းမူမြို့ ရှင်ပင်ရွှေစောလူးဘုရားနှင့် ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

မြင်းမူ မတ် ၂၂
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ရှိအများပြည်သူသွားလာရာ နေရာ များတွင် သန့်ရှင်းသာယာစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သည့်အဖွဲ့က စု ပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၁ ရက်တွင် မြင်းမူမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရှင်ပင်ရွှေစောလူးဘုရား ရင်ပြင်နှင့် ပတ်ဝန်းကျင်နေရာများ၌ ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အဆင့် ဌာနဆိုင်ရာ အသီးသီးမှဝန်ထမ်း ၇၀ ခန့် ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သန့်ရှင်းသာယာရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း ကာ သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် ပြုလုပ်သွားမည်ဖြစ်ကြောင်း နှင့် ဘုရားစေတီများ၊ စာသင်ကျောင်းများနှင့် ခရီးသွားများ ဝင်ထွက် သွားလာရာဖြစ်သည့် ဧရာဝတီမြစ်ဆိပ်ကမ်းတစ်လျှောက် နေရာများ တွင်လည်း သန့်ရှင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြင်းမူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲကိုကိုထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## လင်းခေးမြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

လင်းခေး မတ် ၂၂
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ မြို့နေပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး များကို မတ် ၁၁ ရက်မှစ၍ ထိုးနှံ ပေးလျက်ရှိရာ မတ် ၂၂ ရက်တွင် လည်း လင်းခေးမြို့ နွယ်ဝတီ ခန်းမ၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို မတ် ၁၁ ရက်က စတင်ဆောင် ရွက်ပေးခဲ့ခြင်းဖြစ်ကာ မတ် ၁၂ ရက်၊ ၁၃ ရက် နှင့် ၁၉ ရက်တို့တွင် ဆက်လက်ထိုးနှံပေးခဲ့ရာ ပြည်သူ ၃၀၀ ခန့်အား ထိုးပေးပြီး ဖြစ် ကြောင်း၊ ယခု မတ် ၂၂ ရက်တွင် လည်း ရပ်ကွက်ရှစ်ခုမှ ဒေသခံ ပြည်သူများနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်း ၁၇၂ ဦးတို့အား ကာကွယ် ဆေးများ ဆက်လက်ထိုးနှံပေးနေ ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်**
**(ပြန်/ဆက်)**

## ခရီးသည်နည်းပါးသော်လည်း ပန်းဆိုးတန်း-ဒလ ပြေးဆွဲသည့် ချယ်ရီကူးတို့ရေယာဉ် ခရီးစဉ်များ ပုံမှန်ပြေးဆွဲပေးလျက်ရှိ

ရန်ကုန် မတ် ၂၂
ရန်ကုန်(ပန်းဆိုးတန်း)-ဒလ ကူးတို့သင်္ဘောဆိပ်သည် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ ပြည်သူများအား ရန်ကုန် မြို့သို့ မြစ်တွင်းသွား ချယ်ရီသင်္ဘောများဖြင့် နေ့စဉ် ပို့ဆောင်ပေးလျက် ရှိသော သင်္ဘောဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွား ချိန်မှစ၍ လက်ရှိအချိန်အထိ ခရီးသည်သွားလာမှု နည်းပါးနေသော် လည်း ခရီးသည်များ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ရေယာဉ်ခရီးစဉ်များကို ပုံမှန် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

"ပန်းဆိုးတန်း-ဒလ ကူးတို့ သင်္ဘောဆိပ်ကမ်းက အရင်တုန်းက တစ်နေ့ကို ခရီးသည် ၃၀၀၀၀ ကျော် သွားလာနေကြတာပေါ့။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ လူဦးရေ တဖြည်းဖြည်း လျော့နည်းသွားတယ်၊ အဲဒီအချိန်မှာလည်း ခရီးသည်တွေ သွားလာမှု အဆင်ပြေစေဖို့အတွက် မရပ်နားဘဲ ခေါက်ရေကို အတိုးအလျှော့နဲ့ ပြေးဆွဲပေးခဲ့တယ်၊ လက်ရှိအခြေအနေနဲ့ အချိန်ကာလမှာ ကန့်သတ်မှု တွေရှိသော်လည်း ခရီးသည်သွားလာမှုတွေ ပိုပြီးတော့ ချောမွေ့အောင် ပြေးဆွဲပေးသွားမှာပါ၊ အတာသင်္ကြန်ပွဲတော် ကာလအတွင်းမှာလည်း နှစ်စဉ်နှစ်တိုင်း ပြေးဆွဲပေးတဲ့အတိုင်း မရပ်နားဘဲ ခေါက်ရေလျှော့ပြီး ပြေးဆွဲသွားမှာဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်း နိုင်က ပြောကြားသည်။

ပန်းဆိုးတန်း-ဒလ ခရီးစဉ်၌ ယခုရက်ပိုင်းအတွင်း ခရီးသည်သွား လာမှုမှာ မတ် ၁၉ ရက်က ၅၂၃၃ ဦး၊ ၂၀ ရက်တွင် ၃၇၇၁ ဦး၊ ၂၁ ရက်တွင် ၄၀၂၅ ဦး ရှိခဲ့ကြောင်း၊ ယခင်က ခရီးသည်သွားလာမှုနှင့်ယှဉ်လျှင် ခရီးသည် နည်းပါးသော်လည်း ရေယာဉ်ခရီးစဉ်များကို အစိုးရရုံးဖွင့်ရက်



ပန်းဆိုးတန်းမှ ဒလဘက်သို့ ပြေးဆွဲမည့် ချယ်ရီသင်္ဘောနှင့် ခရီးသည်များကို တွေ့ရစဉ်

များတွင် အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်း၊ ရုံးပိတ်ရက်များတွင် အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက် ရှိကြောင်း သိရသည်။ မတ်လထဲတွင် ရန်ကုန်မြစ်အတွင်း၌ မကြာခဏ မြူနှင်းပိတ်မှု ဖြစ်ပွားခြင်းကြောင့် နံနက်အစောပိုင်း သင်္ဘောခရီးစဉ် အချို့ စောင့်ဆိုင်းခဲ့ရပြီး မြူနှင်းရှင်းချိန်မှသာ ပြေးဆွဲပေးခဲ့ရသည်။

ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောခရီးစဉ်ကို ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလများက အသွား ၄၆ ခေါက်၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ပြေးဆွဲပေးခဲ့ပြီး နေ့စဉ် ခရီးသည် ၃၀၀၀၀ ကျော် သွားလာလျက်ရှိကာ နေ့စဉ်ဝင်ငွေ ကျပ်သိန်း ၃၀ ကျော် ကောက်ခံရရှိသည့် ဆိပ်ကမ်းတစ်ခု ဖြစ်ခဲ့သည်။ ချယ်ရီ သင်္ဘောများတွင် သံဃာတော်များနှင့် သီလရှင်များအား အခမဲ့ စီးနင်း ခွင့်ပေးထားသလို ပြည်သူများကိုလည်း တစ်ဦးလျှင် ကျပ် ၁၀၀ နှုန်းသာ ကောက်ခံသောကြောင့် အခြေခံလက်လုပ်လက်စား ပြည်သူများအားလုံး စီးနင်းနိုင်သည့် သက်သာသောနှုန်းထားလည်း ဖြစ်သည်။ နိုင်ငံခြား ခရီးသည် စီးနင်းခကိုမူ လူတစ်ဦး အသွားအပြန်အတွက် ကျပ် ၄၀၀၀ နှုန်း သတ်မှတ်ကောက်ခံလျက်ရှိသည်။

ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောခရီးစဉ်အတွက် ချယ်ရီရေယာဉ် သုံးစင်း၊ ဒလမြို့ဘက် ဆိပ်ကမ်း၌ ခရီးသည် နားနေဆောင်နှင့် ဆိပ်ခံ တံတား နှစ်စင်းတို့ကို ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က လှူဒါန်းခဲ့ရာ ယခုအခါ သက်တမ်း ခုနစ်နှစ်နီးပါး ရှိလာပြီဖြစ်သလို ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီး သည်ပေါင်း မြောက်မြားစွာအား သွားလာရေး အဆင်ပြေချောမွေ့အောင် အကောင်းဆုံး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများတွေ့ဆုံ



**ပုသိမ် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တွေ့ဆုံသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၁)ကို မတ် ၁၉ ရက်က ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းတာဝန်များကို ရာနှုန်းပြည့် ပြန်လည်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနအလိုက် ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရေးနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် တိုင်းဒေသကြီးအတွင်းသို့ ဝင်ပေါက်၊ ထွက်ပေါက်များတွင် ပိတ်ဆို့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများ အောင်မြင်ရန်လည်း ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့က လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်တက္ကသိုလ်၊နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပုသိမ်ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ နည်းပညာ အထကတို့မှ တာဝန်ရှိသူများ၊ ပုသိမ်မှန်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မြို့နယ်အသီးသီး၌ ကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ ပညာသင်ကြားရေးဆိုင်ရာစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ မူလတန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့်သင်တန်းကို မတ် ၂၂ ရက်က ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွဲခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ငဖဲမြို့နယ်ဒုတိယပညာရေးမှူး ဦးတင်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး သင်တန်းက ဖွင့်လှစ်သင်ကြားမည့် သင်ခန်းစာများကို ဂရုတစိုက်လေ့လာမှတ်သားကြရန်နှင့် သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်နှင့် မူလတန်းကျောင်းများမှ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၄၀ တက်ရောက်ပြီး နည်းပြဆရာ သုံးဦးက စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း၊ သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်း၊ စီမံကိန်းရေးဆွဲရေး၊ အခြေခံပညာကဏ္ဍ၊ ပညာရေးကြီးကြပ်ကွပ်ကဲရန် အညွှန်းကိန်းများကို မတ် ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ကော့ကရိတ်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများအား မြို့နယ်အဆင့် စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကော့ကရိတ်မြို့ အထက(၂)ကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကော့ကရိတ်မြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ် ၁၀၉ ဦးအား သင်တန်းနည်းပြဆရာ ဆရာမ ငါးဦးက စီမံရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာနှင့် သင်ကြားရေး စသည့်ဘာသာရပ်များကို မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**စောအောင်မျိုးလွင်**

## ပင်းတယ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ အခြေခံပညာမူလတန်းအဆင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား သင်ကြားမှုအထောက်အကူပြု စွမ်းရည်မြှင့်မွမ်းမံ (ရက်တို) သင်တန်းကို မတ် ၂၂ ရက်က စတင်သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ပင်းတယမြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်ကိုလွင်နှင့် သင်တန်းနည်းပြ ဆရာ ဆရာမ သုံးဦးတို့က သင်ကြားပို့ချပေးလျက်ရှိပြီး အခြေခံပညာကျောင်းများ၏ စီမံရေး၊ ဘဏ္ဍာရေး၊ ပညာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်အတူ ညှိနှိုင်းဆွေးနွေးကြသည်။ သင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၉၃ ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ စာဖတ်ဝိုင်း ပြုလုပ်

**မိုင်းယောင်း မတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ စာရေးဆရာ မောင်သာမည ရေးသားသည့် "အောင်မြင်ခြင်း နှင့် ရှုံးနိမ့်ခြင်း" စာအုပ်ဖြင့် ရုံးတွင်းစာဖတ်ဝိုင်းကို ယနေ့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက မြို့နယ်ရုံးရှိ ဝန်ထမ်းများအားလုံး စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်သည့်အနေဖြင့် စာဖတ်ဝိုင်းကို ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စာဖတ်ရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့ဌာနအနေဖြင့် စာကြည့်တိုက်လုပ်ငန်းကို မိမိတို့ဝန်ထမ်းများ အရည်အသွေး၊ အရည်အချင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း စသည့် စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။




ထို့နောက် မြို့နယ်ဦးစီးမှူးက စာရေးဆရာ မောင်သာမည ရေးသားသည့် "အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း" စာအုပ်မှ "ခေါင်းဆောင်ဟူသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းပန်က "အဆုံးမဲ့ပညာရေးခရီး" ကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးအားချာက "တက်ကြွသော သင်ယူမှု" ကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်နန်းစီဖောင်းက "အောင်မြင်သူနှင့် ရှုံးနိမ့်သူ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားပြီး အပြန်အလှန်ဆွေးနွေးကြသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အများပြည်သူ ဗဟုသုတရရှိရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်း၊ တောင်သူအသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း စသည့်အသိပညာပေးအစီအစဉ်များကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အားချာ**

# လွိုင်လင်မြို့နယ် ပင်လုံမြို့အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်နေသည့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

**လွိုင်လင် မတ် ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝေးလံခေါင်ဖျားသောကျေးရွာနေ ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိနိုင်စေရန် ရည်ရွယ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ခွင့်ပြုရန်ပုံငွေဖြင့် လွိုင်လင်မြို့နယ် ပင်လုံမြို့အတွင်းရှိ လျှပ်စစ်မီးလင်းရန် အခက်အခဲရှိသော ကျေးရွာများကို ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး)နှင့် ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ ကိုးနဝင်းစေတီတော်မြတ်ကြီးအနီးရှိ ဆဟောင်းကျေးရွာအုပ်စု နောင်ပန်ပိန်းကျေးရွာ၊ ဟဲနန်းကျေးရွာအုပ်စု ကာဗီကျေးရွာနှင့် ကျူဇော်ကျေးရွာများတွင် ၁၁ ကေဗွီလိုင်း ၁ မိုင်၊ ၁ ဖာလုံ၊ ၄၀၀ ဗို့လိုင်း ၃ မိုင်နှင့် ၁၀၀ ကေဗွီထရန်စဖော်မာလေးလုံး သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာလုပ်ငန်းများ သက်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးနိုင်အောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများပြီးစီးသွားပါက အိမ်ခြေ ၁၃၅ အိမ်ရှိ လူဦးရေ ၇၆၀ တို့အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် လျှပ်စစ်မီးကို သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် သစ်တော သစ်ပင်များ ပြုန်းတီးခြင်းများ လျော့ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ငပုတောမြို့၌ ထိုးနှံပေး

**ငပုတော မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိ သံဃာဆောင်၌ မတ် ၁၀ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် လူဦးရေမှာ ၂၈၃၇ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

ထိုသို့ ထိုးနှံဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံသူများအား ထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း တို့ကိုဆောင်ရွက်ပေးပြီး ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးများထိုးနှံပေးခြင်းဖြစ်ပြီး ဆေးထိုးရန်ကျန်ရှိသူများအား ဆက်လက်ထိုးနှံနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံပေး

**စစ်ကိုင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ရှိ ရဲရင့်ရိပ်သာခန်းမအတွင်း မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအား ကာကွယ်ဆေးများ စတင်ထိုးနှံပေးသည်။

ကာကွယ်ဆေးများထိုးနှံရာသို့ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးကာ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကျိုင်းတုံမြို့၌ တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိဘုရား

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိဘုရားသည် ကောဇာသက္ကရာဇ် ၁၂၆၉ ခုနှစ် (ခရစ်နှစ် ၁၉ဂ၈ ခုနှစ်)တွင် ဘုရားဒါယကာကြီးဖြစ်သော ကျိုင်းတုံစော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်က ဗုဒ္ဓသာသနာတည်တံ့စေရန်လည်းကောင်း၊ သာသနာတော်နေလအလား ထွန်းကားစေလိုသောဆန္ဒဖြင့်လည်းကောင်း၊ စေတနာသုံးဖြာ ထက်သန်စွာဖြင့် ဂုံဂိုဏ်းချုပ်ဆရာတော် အပ်ရားထမ်း(ကျိုင်းငမ်းကျောင်းဆရာတော်)နှင့် သံဃာတော်များ၊ မြို့ပေါ်ရှိ ဘုရားဒါယကာများအား ခေါ်ယူတိုင်ပင်၍ သာသနာတော်နှစ်ငါးထောင်တိုင်အောင် တာရှည်တည်တံ့နိုင်စေရန် ရည်သန်၍ ကျိုင်းတုံမြို့၌ မဟာမြတ်မုနိဘုရား တစ်ဆူ တည်ထားကိုးကွယ်ရန် စိတ်အားထက်သန်လာကြကြောင်း သိရသည်။



မဟာမြတ်မုနိဘုရား ရုပ်ပွားတော်တစ်ဆူ ပဋိလောဟာ သွန်းလောင်းရန် ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ် (ခရစ်နှစ် ၁၉၂၀ ခုနှစ်)တွင် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စောကွန်းကျောက်အင်းထရိုင်သည် ၎င်းရုံးတော်မှ အထက်တန်းအရာရှိဖြစ်ကြသော ဦးဖိုးမိန်နှင့် ဦးဗညားဖရားတို့အား မန္တလေးမြို့သို့ စေလွှတ်ကာ ဘုရားရုပ်ပွားတော်တစ်ဆူ သွန်းလောင်းနိုင်ရန် မိန့်မှာကြားလိုက်ရာ ကောဇာသက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် မန္တလေးမြို့ဟောင်း ဘူတာရုံအနောက်ဘက် လေးအိမ်တန်းရပ်နေ ပန်းပုပညာရှင် ဆရာကြီး ဦးသစ်နှင့် တပည့်သားများက တာဝန်ယူလက်ခံပြီး မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားပုံတော်အတိုင်း သွန်းလောင်းခဲ့သည်။ ရုပ်ပွားတော်၏ လည်ပင်းတော်မှ မုနိခေါင်းတော်ကျစ်လျစ်မွမ်းချွန်အထိ ရွှေသားအစစ် အလေးချိန်တစ်ပိဿာနှင့် ခုနစ်ဆယ်ကျပ်သားဖြင့်လည်းကောင်း၊ ငွေသားအချိန် တစ်ဆယ့်ခုနစ် ပိဿာဖြင့်လည်းကောင်း ပါဝင်စေ၍ ကြေးနီ၊ ကြေးဝါ တန်ဖိုးနှင့် လက်ခတို့အတွက် ငွေဒင်္ဂါးဟောင်း ကျပ်တစ်သောင်းငါးထောင်တိတိဖြင့် ပေးချေသွန်းလောင်းရရာ သီပေါနယ်ရှင် စော်ဘွားကြီး ဆာစောချယ်က ငွေဒင်္ဂါးဟောင်း ကျပ်တစ်သောင်းငါးထောင်အနက် ထက်ဝက်ကူညီ ပါဝင်လှူဒါန်းကြောင်း သိရသည်။

ရုပ်ပွားတော်အား ကျိုင်းတုံမြို့သို့ ပင့်ဆောင်ရာတွင် ရုပ်ပွားတော်ကို အပိုင်းပိုင်းဖြင့် ဖွဲ့ယူကာ ပင့်ဆောင်လာခဲ့ပြီး သီပေါမြို့၌ တစ်ထောက်ရပ်နားခဲ့ကြသည်။ ထိုစဉ်အခါက သီပေါမြို့မှ ကျိုင်းတုံမြို့သို့ မော်တော်ကားလမ်း ပေါက်ရောက်ခြင်း မရှိသေး၍ သီပေါနယ်ရှင်စော်ဘွားကြီး ဆာစောချယ်က တာဝန်ယူပြီး လုပ်သားပြည်သူအင်အား နွားလှည်းများဖြင့် တင်ဆောင်ကာ သံလွင်မြစ်အနောက်ဘက်ကမ်း တာကော်ကူးတို့အထိ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့နောက် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်က ကမကထပြု၍ ရပ်သူရွာသားများကို စုစည်းကာ လူအင်အား၊ ကျွဲလှည်းအင်အားများဖြင့် တာကော်သို့ ခရီးလမ်းပန်း အခက်အခဲပေါင်းများစွာ ဖြတ်ကျော်၍ စေတနာသဒ္ဓါတရားထက်သန်အားဖြင့် သွားရောက်ပင့်ဆောင်လာခဲ့ရာ တာကော်သံလွင်မြစ်မှ ကျိုင်းတုံမြို့သို့မဝင်မီ မြို့လုံးကျွတ် ပြည်သူလူထုက မြို့၏ အနောက်ဘက်ရှိ နမ့်ခွန်ရေချောင်းသံတံတားတည်ရှိရာနေရာတွင် မဏ္ဍပ်ထိုးကာ အိုးစည်ဗုံမောင်းဖြင့် တစ်ခဲနက် ဝမ်းပန်းတသာ ခရီးဦးကြိုဆိုကြပါသည်။ ထိုမှတစ်ဆင့် လူထုစီတန်းပြီး စည်ကားသိုက်မြိုက်စွာ မြို့တွင်းသို့ ပင့်ဆောင်လှည့်လည်ခဲ့ကြပြီး မြို့လယ်ကောင်၌ တည်ရှိသော ခံကွိုင်းစွန်း (ယခုမြို့မ ဘောလုံးအားကစားကွင်း) နေရာတွင် ယာယီစံကျောင်းတော်အဖြစ် သက်ငယ်မိုးဝါးကပ်ထရံဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်၌ တစ်ဝါဆိုအတွင်းထားပြီး ဖူးမြော်ကြည်ညိုခံခဲ့ကြောင်း သိရသည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်(ဗုဒ္ဓသာသနာတော် ၂၄၇၀ ပြည့်နှစ်)တွင် ဝိဟာရကျောင်းတော် တည်ဆောက်ကာ ယာယီစံကျောင်းမှ ဝိဟာရကျောင်းတော်အတွင်း ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်တော်မူပြီး ဘုရားဒါယကာကြီးဖြစ်သော နယ်ရှင်စော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင် ဦးဆောင်၍ ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် မဟာမြတ်မုနိဘုရားအား ရွှေသင်္ကန်းလှူဒါန်းရန် မသိုးသင်္ကန်းအလှူပွဲတော်တစ်ရပ် စီစဉ်ပြုလုပ်၍ မသိုးသင်္ကန်းရက်ယူခဲ့ရာ တန်ဆောင်မုန်းလဆန်း ၁၅ ရက် မွန်းတည့် ၁၂ နာရီအချိန်တွင် အပြီးအစီးရက်လုပ်ပြီး ပင့်ဆောင်သဃာတော်များအား အလှူဒါနပြု၍ မသိုးသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ကျောင်းတော်ကို အလှူရှင် ဒါယကာ၊ ဒါယိကာမများက အဆင့်ဆင့်မွမ်းမံပြင်ဆင်ခဲ့ကြပြီး ဒါနပြုအလှူရှင်များ၏ အမည်နာမများကို ကမ္ပည်းရေးထိုးထားသည်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်)၊ တန်ဆောင်မုန်းလ ၁၅ရက်နေ့တွင် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စောစိုင်းလုံ ခေမာဓိပတိနှင့် ဆွေမျိုးတော်များ၊ ဘုရား ဒါယကာနှင့် ဒါယိကာမအပေါင်းတို့က ဘုရားကျောင်း၏ မုခ်ဦးလေးဖက်၌ ထီးတော်လေးဆူတွင် ပွဲအလှူဒါနပြုလုပ်ကာ ဆွမ်းတော်ကြီးကပ်လှူပြီး နံနက် ၆ နာရီအချိန် သံဃာတော် ၈၅ ပါးကို ပင့်ဆောင်တော်မူပြီး ဆွမ်းကြီးလောင်းလှူပွဲပြုကြ၍ ရေစက်သွန်းချ အမျှပေးဝေ သာဓုခေါ်ဆိုခဲ့ကြသည်။ ထိုနှစ်မှ စတင်၍ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်နေ့ကို မဟာမြတ်မုနိဘုရားပွဲဟူ၍ သတ်မှတ်ကာ အစဉ်အလာမပြတ် ထိန်းသိမ်းလာခဲ့ကြပါသဖြင့် ယနေ့အထိ ကျင်းပလျက်ရှိသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## မယ်စဲ့မြို့နယ်၌ ဒေသထွက်သစ်ခွပန်းများ ဈေးကောင်းရ

**မယ်စဲ့ မတ် ၂၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ် တောင်ပေါ်ဒေသရှိ သစ်ပင်ကြီး ငယ်တို့၏ ပင်လုံးပင်စည်နှင့် အကိုင်းအခက်များ၌ တွယ်ကပ်ပေါက်ရောက်နေသည့် ဒေသထွက် သစ်ခွပန်းများပေါ်ချိန် ဈေးကောင်းရရှိကြောင်း သစ်ခွပန်း ရှာဖွေရောင်းချသူများထံမှ သိရသည်။

မယ်စဲ့ဒေသတွင် သစ်ခွပန်းသည် တစ်နှစ်တစ်ကြိမ်သာ ဖူးပွင့်ကြပြီး မတ်လတွင် သစ်ခွပန်းများ စတင်ပေါ်ချိန်ဖြစ်ရာ ဒေသခံများအနေဖြင့် ပေါ်ဦးပေါ်ဖျားဖူးပွင့်သည့် သစ်ခွပန်းများ ရှာဖွေရောင်းချရသဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ ရရှိသည်။

"တောင်ပေါ်ဒေသမှာ သစ်ခွပန်းတွေ စတင်ဖူးပွင့်ချိန်ဖြစ်လို့ သစ်ခွပန်းရှာဖွေ ရောင်းချရတာ အဆင်ပြေတယ်။ သစ်ခွပန်းရှာဖို့ တောင်ပေါ်ကို မနက် ၅ နာရီက နေသွားရင် မနက် ၇ နာရီလောက်မှရောက်တယ်။ အများအားဖြင့်တော့ သစ်ခွပန်းတွေဟာ အပင်ပေါ်တွေမှာ တွယ်ကပ်ပေါက်ရောက်ကြပါတယ်။ အပင်နိမ့်ရင်တော့ ချိတ်နဲ့ဆွဲချပြီး ခူးရတယ်။ အပင် တအားမြင့်ရင်တော့ ဝါးခုတ်ပြီးအပင်တက်ဖို့ လှေကားပြင်ဆင်ပြီး တက်ခူးရတယ်" ဟု သစ်ခွပန်းရှာဖွေသူ မယဉ်ဌေးက ပြောသည်။



မယ်စဲ့ဒေသတွင် တောတောင်၊ လျှိုမြောင်အတွင်း၌ အဖိုးတန်၍ လှပသောသစ်ခွမျိုး၊ ပုံပန်းသဏ္ဌာန် ထူးထွေဆန်းပြားသော သစ်ခွမျိုးနှင့် အနံ့မွှေးသောသစ်ခွမျိုးတို့ အရောင်အသွေးစုံ၊ မျိုးစိတ်များပြားစုံလင်စွာ ပေါက်ရောက်လျက်ရှိရာ အပွင့်သည် မနွမ်းလွယ်၊ မကြေလွယ်ဘဲ ရက်ကြာရှည်ခံသဖြင့် ဒေသခံများ ဘုရားပန်းပူဇော်ရန် အထူး ကြိုက်နှစ်သက်ကြပြီး သစ်ခွအကိုင်းလေးကိုင်းကို ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရသဖြင့် ယခုကာလတွင် သစ်ခွပန်းရှာဖွေ ရောင်းချသူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၂**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ် အဆောင်၌ Quaratine ထားရှိခဲ့သည်။

ထိုသို့ Quaratine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၈၆ ဦးကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးခရိုင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (ပင်စင်စား)များ၏ မတ်လအတွက် ပင်စင်လစာများအား ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ စတင်ထုတ်ပေး



**ပဲခူး မတ် ၂၂**

ပဲခူးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား)များ၏ မတ်လအတွက် ပင်စင်လစာများကို ယနေ့မှစတင်၍ သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များ၌ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး စသည့် မြို့နယ်ရှစ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စား ၂၄၇၈၆ ဦးခန့် နေထိုင်လျက်ရှိပြီး ၎င်းတို့အနက်မှ မြို့ပြပင်စင် ၈၀၄၆ ဦး၊ စစ်ဘက် (ကာကွယ်ရေး)ပင်စင် ၅၉၇၂ ဦး၊ နိုင်ငံရေး ပင်စင် ၈၀၀၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင် ၁၂၃ ဦး၊ ဗဟိုဘဏ်ပင်စင် တစ်ဦးရှိကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စား ၁၂၁၁၇ ဦးတို့၏ မတ်လအတွက် ပင်စင်လစာများကိုလည်း ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ စီးပွားရေးဘဏ်ဝန်ထမ်းများက ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်နေ့ရက်/ အချိန် အတိုင်း အလှည့်ကျ ထုတ်ပေးလျက်ရှိကြောင်း သိရ သည်။

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအနေဖြင့် ပင်စင်လစာ လာရောက်ထုတ်ယူကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်လာကြရမည်ဖြစ်ပြီး သတ်မှတ်ရက်များတွင် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်၍ လာရောက်ထုတ်ယူခြင်းမပြုနိုင်သည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာကို ရုံးဖွင့်သည့်နေ့တိုင်း ဘဏ်လုပ်ငန်းအချိန်အတွင်း ထုတ်ပေးမည်ဖြစ်သဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် အမျိုးသမီးတစ်ဦးကို သံပုံးမတီးသည့်ကိစ္စရပ်အပေါ် လူမဆန်စွာဖြင့် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူအချို့အား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် မတ် ၁၄ ရက်က သံပုံးမတီးသည့် ကိစ္စရပ်ကို အကြောင်းပြု၍ အပြစ်မဲ့အမျိုးသမီးတစ်ဦးအား လူအုပ်စုဖြင့် ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်လူအုပ်စုဖြင့်စစ်ဆေးပြီး နေအိမ်တွင်ချုပ်နှောင်ကာ မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်တွင် ဝက်ကြီးနှင့် ကတုံး ဆိုသူ(၂)ဦးသည် အမျိုးသမီးကို မော်တော်ယာဉ်ဖြင့် လာရောက်ခေါ်ဆောင်ကာ တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးတွင် ရက်စက်ယုတ်မာစွာ ဓားဒဏ်ရာ (၇)ချက်ဖြင့် သတ်ဖြတ်ခဲ့မှုနှင့် ပြစ်မှုကျူးလွန်သူများမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ တရားခံပြေးများကို ဖမ်းဆီးရမိရေးအတွက် နေ့/ညရှာဖွေခြင်း၊ ရပ်ကွက်/ ကျေးရွာများအလိုက် ဧည့်စာရင်းစစ်ဆေးခြင်းများကို ဖိဖိစီးစီး ဆောင်ရွက်ခဲ့ရာ တရားခံပြေးဖြစ်သူ လှမျိုးအောင်(ခ)ကိုမျိုး(ခ) ဝက်ကြီး(၄၄)နှစ် (ဘ)ဦးမြလှိုင်၊ (မိ)ဒေါ်လှမြင့်၊ ၁၂/လသယ(နိုင်)၀၃၀၇၆၃၊ ဗမာ/ဗုဒ္ဓ၊ ထမင်းရောင်း၊ အမှတ် ၅၁၆(က)၊ အဆောင် (၅)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာအရှေ့မြို့နယ်နှင့် ၎င်း၏ ဇနီးဖြစ်သူ ကြူကြူသင်း(၃၇)နှစ် (ဘ)ဦးလှစော၊ ၁၂/အစန(နိုင်)၂၀၄၈၄၅ တို့(၂)ဦးအား ဘုရားသုံးဆူကျေးရွာ လှည်းကူးမြို့နယ်တွင် မတ် ၂၂ ရက် ညနေ ၅ နာရီတွင် မျိုးဇော်ဦး(စိစစ်ဆဲ) ၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူ တရားခံ(၂)ဦးနှင့် တရားခံပြေးမှန်းသိပါလျက်နှင့် လက်ခံထားရှိသူ မျိုးဇော်ဦးတို့ကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့၌ ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ပတ်သက်သူများကို ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ကိုးလုံးကွင်းကျေးရွာရှိ Myanmar wide Garment အထည်ချုပ်စက်ရုံကို ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ရှာဖွေရာ ယာဉ်မောင်းနားနေဆောင်အတွင်းမှ သံဘောစိသုံး လေထိုး လက်လုပ်သေနတ် ၂လက်၊ သံပြောင်းအပို ၁၂ ချောင်း၊ သံဘောစိ အလုံး ၃၀၊ လေအိုး ၃ လုံး၊ ဂက်စ်ဘူး ၁ ဘူး၊ သံမောင်းတုံး ၂ တုံးနှင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ ပိုစတာ စတေကာများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းချက်အရ စက်ရုံယာဉ်မောင်းများဖြစ်ကြသည့် ထက်အောင်(ဘ)ဦးဇော်လေး၊ အောင်ကျော်ဖြိုး (ဘ) ဦးဇော်နိုင်နှင့် ရဲဇော်သန်း(ဘ)ဦးဇော်လေးတို့ ၃ ဦး၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၃ ဦးကို ဆူပူအကြမ်းဖက်မှုဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ လက်ဝယ်ကိုင်ဆောင် ထားရှိမှုနှင့် ပတ်သက်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**




## နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများအား လွှဲပြောင်း ပို့ဆောင်ပေး

**တာချီလိတ် မတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင်လျက်ရှိသော ထိုင်းနိုင်ငံသား သံဃာတော်သုံးပါး၊ လူပုဂ္ဂိုလ်တစ်ဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်း ရှစ်ဦးတို့ကို မြန်မာ တာဝန်ရှိပုဂ္ဂိုလ်များက ယနေ့နံနက်ပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် လွှဲပြောင်းပို့ဆောင်ပေးသည်။

ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးမီအချိန်၌ တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေထိုင်ကြသူများဖြစ်ပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံ၊ အလုပ်ရုံများ ပိတ်ပင်မှုကြောင့် အလုပ်အကိုင်ရှားပါးလာသဖြင့် မိခင်ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်။

နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများကို တာချီလိတ်မြို့ လဝက ဌာနခွဲ(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ပို့ဆောင်ပေးပြီး ထိုင်းနိုင်ငံမှ ကျန်းမာရေးစစ်ဆေးခြင်းကို စနစ်တကျလုပ်ဆောင်ကာ တံတား(၂) တာဝန်ခံရဲအရာရှိ၊ လဝကအရာရှိနှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိတို့က ပြန်လည်လက်ခံကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

## မိုင်းယောင်း၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း မတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စု အောင်မြေဆည်းဆာကျေးရွာ၌ အရှည်ပေ ၁၃၀၀ ရှိသည့် ကျေးရွာလမ်းမအား ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းလျက်ရှိသည်။

"ဒီလမ်းဟာ အရင်က မြေသားလမ်းပါ၊ အခုမှ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ် ၁၀ သန်း၊ ရွာက ထည့်ဝင်ငွေကျပ် ၃ ဒသမ ၈ သန်းနဲ့ အပိုင်းလိုက်ခွဲပြီး ခင်းနေပါတယ်။ ဒီလမ်းခင်းပြီးသွားရင်တော့ ရွာသူရွာသားတွေရဲ့ သွားရေးလာရေး ပိုမိုကောင်းမွန် အဆင်ပြေလာတော့မှာ ဖြစ်ပါတယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် လက်ရှိခင်းကျင်းလျက်ရှိသည့် ကွန်ကရစ်လမ်းမှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေနှင့် ထုခြောက်လက်မရှိပြီး ဟောင်ကြန့်၊ ခိုကဲ၊ စံပြ၊ နမ့်ငေါ်၊ ပါလောင်း၊ စစ်မှုထမ်းဟောင်းကျေးရွာများနှင့် ချိတ်ဆက်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၃<br>၀၄၂-၂၀၂၃၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ညောင်ဦးမြို့နယ်ရှိ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု မှန်တောကျေးရွာတွင် စက်ရေတွင်း ချွတ်ယွင်းပျက်စီးနေသဖြင့် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရ၍ မတ် ၂၀ ရက်က ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းပေးသည်။

ညောင်ဦးမြို့နယ် မှန်တောကျေးရွာသည် အိမ်ခြေ ၁၀၀ ကျော်ခန့်ရှိပြီး လူဦးရေ ၅၀၀ ကျော်နေထိုင်လျက်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအတွက် ကျေးရွာရှိ အဝီစိစက်ရေတွင်းကိုသာ မှီခိုအားထားပြု၍ သောက်သုံးနေရကာ ယခုလို စက်ရေတွင်း ချွတ်ယွင်းပျက်စီးသွားသည့်အချိန်တွင် အနီးဝန်းကျင်ကျေးရွာများသို့ သွားရောက်၍သောက်သုံးရေဝယ်ယူသုံးစွဲနေရသဖြင့် ကျေးရွာနေပြည်သူများက ပွင့်လင်းရာသီကာလ သောက်သုံးရေ ပြတ်လပ်မှုမဖြစ်စေရေး လာရောက်လှူဒါန်းပေးရန် အကူအညီတောင်းခံမှုကြောင့် မတ် ၂၀ ရက်က ညောင်ဦးမြို့နယ် ပရဟိတရေလှူအဖွဲ့က သောက်သုံးရေအလှူရှင် ရန်ကုန်မြို့နေ ဦးသိန်းတန် မိသားစုမှ လှူဒါန်းသည့် ရေဂါလန် ၁၆၀၀ ကို အလှူရှင်မိသားစုကိုယ်စား သွားရောက်၍ ကျေးရွာရှိ အိမ်ခြေ၊ လူဦးရေအလိုက် သောက်သုံးရေဖူလုံစေရေး ခွဲဝေလှူဒါန်းပေးသည်။



ညောင်ဦးမြို့အတွင်းရှိ အညာကျေးလက်ဒေသများတွင် မိုးရွာသွန်းမှု နည်းသဖြင့် ကျေးရွာများရှိ မြေသားမိုးရေလှောင်ကန်များ ရေဝင်ရောက်မှုလျော့နည်း၍ ဆောလျင်စွာ ရေခန်းခြောက်မှုများ ကြုံတွေ့နေရပြီး ကျေးရွာနေ ပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ အချို့ကျေးရွာများတွင် အဝီစိစက်ရေတွင်း ရှိသော်လည်း ရေငန်ထွက်ရှိခြင်းနှင့် ထုံးခါတ်များခြင်းတို့ကြောင့် သောက်သုံးရန် အဆင်မပြေဖြစ်ခြင်း၊ ရေချိုထွက်ရှိသော စက်ရေတွင်းရှိသည့် ကျေးရွာများတွင် ကျွဲ၊ နွား တိရစ္ဆာန်များနှင့် အိမ်ထောင်စု၊ လူဦးရေများခြင်းတို့ကြောင့် သောက်သုံးရေ လုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရကြောင်း သိရသည်။ ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများအနေဖြင့် ညောင်ဦးမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် သောက်သုံးရေများ ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ပရဟိတရေလှူအဖွဲ့မှဦးဝင်းမင်းထွန်း၊ ဖုန်း-၀၉-၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြဝတီမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများ ထုတ်ပေး

**မြဝတီ မတ် ၂၂**

ကရင်ပြည်နယ် မြဝတီမြို့တွင် အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာများကို ယနေ့ နံနက်ပိုင်းက မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးလျက်ရှိသည်။



အဆိုပါ ပင်စင်လစာများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် အလှည့်ကျ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်း ၅၀၀ ခန့် ပင်စင်လစာများ လာထုတ်ပြီး အဆိုပါ အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မတ် ၂၂ ရက်မှ ၃၀ ရက်အထိ ဆက်လက် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ဗုဒ္ဓဘာသာသယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်သင်ကြား

**ပခုက္ကူ မတ် ၂၂**

ပခုက္ကူမြို့ အမှတ်(၂)ရပ်ကွက် မင်္ဂလာရုပ်စုံကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဗုဒ္ဓဘာသာသယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားသည်။

အဆိုပါ သင်တန်းသို့ သာမဏေ (ကိုရင်) ၃၅ ပါး အပါအဝင် သီလရှင်ဆရာလေးများနှင့် ကျောင်းသား ကျောင်းသူ ၉၀ တက်ရောက်ကြပြီး ဆရာတော်ဘဒ္ဒန္တကုမာရ ဦးဆောင်၍ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇော်(ခါတု)**

# ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေ

**ကလော မတ် ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်ကွဲအုပ်စုရှိ ကျေးရွာနေတောင်သူများအတွက် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စန်းယုက ဘိန်းစိုက်ပျိုးမှု ပပျောက်စေရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးက ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က တောင်ကွဲကျေးရွာအုပ်စုရှိ ကျေးရွာနေတောင်သူများအား ရာသီသီးနှံနှင့် နှစ်ခြင်းသီးနှံများ စိုက်ပျိုးရေးအတွက် သဘာဝဓာတ်မြေဩဇာအိတ် ၃၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၃၀ စုစုပေါင်းမြေဩဇာအိတ် ၆၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

**မြို့နယ်(ပြန်/ဆက်)**



# သံတွဲမြို့နယ်၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**သံတွဲ မတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သံတွဲမြို့နယ်တွင် ဆောင် ရွက်ခဲ့သည့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို ယမန်နေ့က သံတွဲခရိုင် စာရင်းစစ်အဖွဲ့နှင့်အတူ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေး၊ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးအောင်နေထူး၊ အကြီးတန်းစာရေး ဦးဇင်ရဲထက်တို့က ကွင်းဆင်းစစ်ဆေးကြသည်။

ခရိုင် စာရင်းစစ်အဖွဲ့နှင့် မြို့နယ်ဦးစီးမှူးပါဝင်သော ဝန်ထမ်းများသည် လယ်တီကျေးရွာနှင့် ရွာရှည်ကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်း ၄/၅ ဒသမ ၈ မိုင်ကို ခွင့်ပြုငွေကျပ် ၅၆ ဒသမ ၄၃၆ သန်းဖြင့် ဆောင်ရွက်နေမှု၊ ခရေတန်းဆည်မှ ခရေတန်း၊ ကျက် သရေကျွန်း၊ သာယာကျွန်း၊ ကျေးပင်၊ ပုဇွန်ဖြေကျေးရွာငါးရွာသို့ အိမ်တိုင်ရာရောက်ရေပိုက်သွယ်တန်းခြင်း ပေ ၈၄၇၅၀၊ ခွင့်ပြုငွေကျပ် ၄၂၁ ဒသမ ၈၆ သန်းဖြင့် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။ ထို့နောက် အောင်သပြေ၊ ကျားပစ်ကုန်း ကျေးရွာတို့တွင် စက်ရေတွင်းနှစ်တွင်း တူးဖော်ခြင်းနှင့် ရေစုကန်၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတို့ကို ခွင့်ပြုငွေကျပ် ၂၁ ဒသမ ၄၈ သန်းဖြင့် ဆောင်ရွက်မှုတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။ အဆိုပါ ကွင်းဆင်းအဖွဲ့သည် ကျောက်ကြီးကျေးရွာတွင် ရေမီတာတပ်ဆင်ခြင်း၊ မဒေး၊ ချောင်းဝ၊ အလယ်ရွာ-နတ်တောင်မော်ကျေးရွာတို့တွင် လက်တူးတွင်းလေးတွင်းနှင့် လက်နှိပ်တုံကင်များ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ခွင့်ပြုငွေကျပ် သန်း ၃၅ ဒသမ ၀၀ ဖြင့် ဆောင်ရွက်နေမှု၊ ကျွဲသောက်ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း (၁၁၅x၆၀x၇) ပေကို ခွင့်ပြုငွေကျပ် ၇ ဒသမ ၉၈၂ သန်းဖြင့် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

သံတွဲမြို့နယ်တွင် ရေပေးရေးလုပ်ငန်းများကို စုစုပေါင်းခွင့်ပြု ငွေကျပ် ၅၄၂ ဒသမ ၇၅၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ရာ အဆိုပါ ကျေးရွာများတွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် နွေရာသီရေရှားပါးခြင်းမှ ကင်းဝေးပြီး ရေဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# မန်ယူကို ဂိုးပြတ်အနိုင်ယူပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်ကိုတက်လှမ်းခဲ့တဲ့ လက်စတာ



လက်စတာတိုက်စစ်ကစားသမား အီဟီယာနာချို မန်ယူအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်ကို မတ် ၂၁ ရက် ညပိုင်းက လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ လက်စတာအသင်းအတွက် ဂိုးများကို အီဟီယာနာချိုနှင့် တိုင်လီမန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် လက်စတာအသင်းသည် အဓိက ကစားသမားများဖြစ်သည့် ရှမိုက်ကယ်၊ ဖိုဖာနာ၊ ဆိုယွန်ကူ၊ အီဗန့်စ်၊ ကက်စတိဂ်၊ တိုင်လီမန်းစ်၊ အင်ဒီဒီ၊ အယ်ဘရိုက်တန်၊ ပီရက်ဇ်၊ အီဟီယာနာချို၊ ဗာဒီတို့ဖြင့် ပွဲထွက်လာခဲ့သည်။ မန်ယူအသင်းသည် အေစီမီလန်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်မှ လူစာရင်းကို ငါးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး မာရှယ်၊ ဂရင်းဝုဒ်၊ ဗန်ဒီဘိခ်၊ ပေါ့ဂ်ဘာ၊ ဖရက်၊ မာတစ်၊ မက်ဂွိုင်းယား၊ ဝမ်ဘစ်ဆာကာ၊ ဟန်ဒါဆင်စသည့်ကစားသမားများဖြင့် လက်စတာအသင်းကို ရင်ဆိုင်လာခဲ့သည်။

### ဦးဆောင်ဂိုးရရှိ

နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်ရေးအတွက် အားစိုက်ကစားလာခဲ့သည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် လက်စတာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို အီဟီယာနာချိုက သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၈ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဂရင်းဝုဒ်က သွင်းယူပေးနိုင်ခဲ့၍ ပထမပိုင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ပွဲချိန် ၅၂ မိနစ်တွင် လက်စတာအသင်းဒုတိယဂိုးရရှိခဲ့ပြီး အီဟီယာနာချို၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုင်လီမန်းက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် မန်ယူအသင်းအနေဖြင့် လက်စတာအသင်းအပေါ် ကစားကွက်အသာစီးရယူနိုင်ရန်အတွက် ကစားသမားသုံးဦးအထိ လဲလှယ်ခဲ့သည်။ ကစားသမားများ လဲပြီးနောက် မန်ယူအသင်းအနေဖြင့် လက်စတာအသင်းအပေါ် ဖိအားပေးကစားထားနိုင်ခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိပေ။ ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် လက်စတာအသင်း တတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို အီဟီယာနာချိုကပင် သွင်းယူပေးနိုင်ခဲ့သည်။

### ကွင်းလယ်ပိုင်းတွင် အမှားများ

ထို့နောက် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် သုံးဂိုး-တစ်ဂိုးဖြင့် လက်စတာအသင်းက အနိုင်ရရှိကာ အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်းသည် ကွင်းလယ်ပိုင်းတွင် အမှားများနေခဲ့ပြီး တိုက်စစ်ပိုင်းတွင် ပါဝင်လာခဲ့သည့် မာရှယ်၏ အတိုးအလျှော့များကလည်း လက်စတာခံစစ်နှင့် ဂိုးသမားကို ကျော်လွှန်နိုင်ခဲ့ခြင်းမရှိသောကြောင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် လက်စတာအသင်းအနေဖြင့် မန်ယူအသင်းနှင့် တွေ့ဆုံတိုင်းရလဒ်မကောင်းတတ်သည့် အစဉ်အလာကိုလည်း ယနေ့ပွဲစဉ်တွင် ချိုးဖျက်နိုင်ခဲ့သည်။ ထို့အပြင် လက်စတာအသင်းသည် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်သို့ ၁၉၈၁-၁၉၈၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

# စီးရီးအေပွဲစဉ် (၂၈) မှာ ဘင်နီဗန်တိုကို ရှုံးနိမ့်ခဲ့သည့် ဂျူဗင်တပ်စ်

**အီတလီစီးရီးအေပွဲစဉ် (၂၈) အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ဘင်နီဗန်တိုအသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် ညပိုင်းက ဂျူဗင်တပ်စ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်နီဗန်တိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘင်နီဗန်တိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဂါအစ်ချ်က သွင်းယူပေးနိုင်ခဲ့သည်။**

ဂျူဗင်တပ်စ်အသင်းသည် ဦးဆောင်သူ အင်တာမီလန်အသင်းကို ဖိအားပေးနိုင်ရန်အလို့ငှာ ယနေ့ပွဲစဉ်တွင် ဆက်ဇီနီ၊ ဘိုနူချီ၊ ဒီလစ်၊ ချီယေဆာ၊ အာသာ၊ မိုရာတာ၊ စီရော်နယ်ဒိုစသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဘင်နီဗန်တိုအသင်းကလည်း တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်နိုင်ရန်အတွက် မွန်တီပို၊ ဘာဘာ၊ ဂါအစ်ချ်၊ လာပါ ဗွီအိုလာ၊ ဒူလာစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ဂျူဗင်တပ်စ်အသင်းသည် ဘင်နီဗန်တိုအသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာဖြင့် ကစားထားနိုင်ခဲ့သော်လည်း ဘင်နီဗန်တိုအသင်း၏ ခံစစ်နှင့် ဂိုးသမား ကောင်းမွန်မှုတို့ကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းပွဲချိန် ၅၉ မိနစ်တွင် ဘင်နီဗန်တိုအသင်း အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဂါအစ်ချ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ကစားကွက်အပြောင်းအလဲအဖြစ် နှစ်သင်းစလုံးလူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဘင်နီဗန်တိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းမှ မိုရာတာနှင့် စီရော်နယ်ဒိုတို့ ခြေစွမ်းပြသနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ဘင်နီဗန်တိုအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် စီးရီးအေ ၂၈ ပွဲကစားပြီး ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၁၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။



■ မိုးဇက် - စုစည်းသည်


# သရေနဲ့သာ ကျေနပ်ခဲ့ရတဲ့ ဝက်စ်ဟမ်း

ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းက လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ အာဆင်နယ်အသင်းကလည်း ယူရိုပါလိဂ်ဝင်ခွင့်အတွက် အားထားရသည့် ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန် ကြိုးစားလာသည့်အသင်းနှစ်သင်းဖြစ်သောကြောင့် ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် ဝက်စ်ဟမ်းအသင်းက ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို အန်တိုနီယို၏ ဖန်တီးပေးမှုမှတစ်ဆင့် လင်ဂတ်က သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် ဦးဆောင်ဂိုးရရှိပြီးနောက် မကြာမီတွင် ဒုတိယဂိုးနှင့် တတိယဂိုးကို မြင်တွေ့လာခဲ့ရသည်။ ဒုတိယဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် လင်ဂတ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘိုဝင်က သွင်းယူပေးနိုင်ခဲ့သည်။ တတိယဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် အန်တိုနီယို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆော့ဆက်ခ်က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ဆော့ဆက်ခ် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ အာဆင်နယ်အသင်း ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။

### ဒုတိယမြောက် ချေပဂိုးရရှိ

ဒုတိယပိုင်းပွဲချိန် ၆၁ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှဒေါ်ဆင် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ အာဆင်နယ်အသင်း ဒုတိယမြောက် ချေပဂိုးရရှိခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးနည်းဗျူဟာအပြောင်းအလဲအဖြစ် လူစားလဲမှုများပြုလုပ်လာခဲ့သည်။ အာဆင်နယ် အသင်းအတွက် တတိယမြောက် ချေပဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ပီပီ၏ ဖန်တီးပေးမှုမှတစ်ဆင့် လာကာဇက်က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းသည် သုံးဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသောကြောင့် ပွဲအပြီးတွင် တစ်ဖက်သုံးဂိုးစီဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။




# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ်(Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့်လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်း

တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည် လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**

## ထူးခြားသည့် နေ့အပူချိန်များ

၂၂-၃-၂၀၂၂

| | |
|---|---|
| ချောက်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မိတ္ထီလာမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| လှိုင်းတက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပျဉ်းမနားမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မြဝတီမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| | |
|---|---|
| (၁) မြန်မာစာ | (၉) နိုင်ငံတကာဆက်ဆံရေးပညာ |
| (၂) အင်္ဂလိပ်စာ | (၁၀) ဓာတုဗေဒ |
| (၃) ပထဝီဝင် | (၁၁) ရူပဗေဒ |
| (၄) သမိုင်း | (၁၂) သင်္ချာ |
| (၅) ဒဿနိကဗေဒ | (၁၃) သတ္တဗေဒ |
| (၆) စိတ်ပညာ | (၁၄) ရုက္ခဗေဒ |
| (၇) ဥပဒေပညာ | (၁၅) ဘူမိဗေဒ |
| (၈) အရှေ့တိုင်းပညာ | (၁၆) အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၂ခုနှစ် ဇွန်လ (၁)ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်/ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁) နှစ် အနည်းဆုံး ရှိရမည်။

(၄) တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်/ ဒီဂရီကောလိပ်/ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့် အတူပူးတွဲတင်ပြရမည်။

(၂) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မန္တလေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၆-၄-၂၀၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၁-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၂-၄-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့ စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၉-၄၀၀၀၀၉၅၃၆ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**မန္တလေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ အကွက်အမှတ်(၆၇၆)၊ ရေချမ်းအိုး(မြောက်)၊ ဦးပိုင်အမှတ် (၉၀/ခ-၃)၊ မြေဧရိယာ(၀ဒသမ၁၄ဧက)ကို ဒေါ်ခင်နီလာအေး ၉/မနတ(နိုင်)၀၇၆၉၁၃ မှအရောင်းအဝယ် စာချုပ်အမှတ် (၁၉၈/၂၀၂၀)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ဒေါ်ခင်နီလာအေးမှ ဦးပိုင်အမှတ် (၉၀/ခ-၃)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမည်ပြောင်းဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဒေါ်မြမြခိုင်နှင့် ပတ်သက်၍ အများသိစေရန်

ဒေါ်မြမြခိုင် (၁၂/ဒဂတ(နိုင်) ၀၂၂၉၅၈) သည် တောင်ဒဂုံမြို့နယ်၊ (၇၁) ရပ်ကွက်၊ မိဘနေအိမ်တွင် နေထိုင်ပြီး (၂၇-၂-၂၀၂၁) ရက်တွင် နေအိမ်မှ မိမိဆန္ဒသဘောအရ ဆင်းသွားခဲ့ပါသည်။

သို့ပါ၍ ဒေါ်မြမြခိုင်နှင့်ပတ်သက်သော ကိစ္စအဝဝသည် ကာယကံရှင် ဒေါ်မြမြခိုင်နှင့်သာ သက်ဆိုင်ပြီး ၎င်း၏မိဘ၊ ဆွေမျိုး၊ မောင်နှမများနှင့် လုံးဝပတ်သက်မှုမရှိကြောင်းနှင့် ပတ်သက်မှုရှိကြောင်း ပြောဆိုလာပါကလည်း လုံးဝဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**စဉ်(၂၆၆၁၈/၀၇)**
**ဖုန်း- ၀၉-၈၉၂၀၉၀၁၇၂**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပုသိမ်ကြီး၊ မိုးမိတ်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် နံနက် ၆ နာရီက ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် TOYOTA COROLLA FIELDER အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် မတင်တင်ခိုင်(ခ)ခတီကြာဖီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး အလားတူ ယင်းနေ့ ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-လားရှိုးသွားကားလမ်း အုန်းချောကျေးရွာအနီးတွင် အောင်အောင် မောင်းနှင်ပြီး ကိုကိုအောင်(ခ)ဆံရှည်နှင့် နော်ဆန်(ခ)မနော်တို့ လိုက်ပါလာသည့် TOYOTA COROLLA အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၀ ကို လည်းကောင်း၊၊

ထို့အတူ မတ် ၂၁ ရက် ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မန်တုံသွားကားလမ်း ကျောက်တောင်ကျေးရွာအနီးတွင် စိုင်းသိန်းလှပြည့် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ငွေကျပ် ၁၀၃၉ ဒသမ ၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၉၃ ကီလိုကိုလည်းကောင်း၊၊



စိုင်းသိန်းလှပြည့်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

အလားတူ မတ် ၂၁ ရက် နံနက် ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မယ်ဆွမ်တောင်ကျေးရွာအုပ်စု စုတ်ကြမ်းကျေးရွာရှိ မဗူးအယ်၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀ ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## လျှပ်စစ်ပန်ကာ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကရင်ကျေးရွာနေ ပိုင်ရှင်ဦးဌေးလွင်၏ နေအိမ်တွင် မတ် ၁၈ ရက် မွန်းလွဲပိုင်းက လူမရှိဘဲ လျှပ်စစ်ပန်ကာကို အချိန်ကြာမြင့်စွာ ဖွင့်ထားခဲ့ရာမှ အပူလွန်ကဲ၍ အနီးရှိထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ရာ ဖြူးမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ စုစုပေါင်း မီးသတ်ယာဉ် လေးစီး၊ သန္ဒေတပ်ဖွဲ့ဝင်အင်အား ၂၀ ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းနိုင်ခဲ့သည်။ (အပေါ်ပုံ)

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ တစ်ထပ်နေအိမ် နှစ်လုံး၊ နှစ်ထပ်နေအိမ် တစ်လုံး၊ စုစုပေါင်းနေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင်လောင်သည့် အိမ်ပိုင်ရှင် ဦးဌေးလွင်ကို ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

**အောင်မျိုး**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မော်တော်ယာဉ် နှစ်လဲ သက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများ ယနေ့ပြန်လည်စတင် ဆောင်ရွက်



နှစ်လဲ သက်တမ်းတိုး ယာဉ်မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်သူများအား တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) ၏ နှစ်လဲ သက်တမ်းတိုး ယာဉ်မှတ်ပုံတင်လုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံး စုစုပေါင်း (၅၂) ရုံး၌ ယနေ့မှ စတင်၍ ပြန်လည်လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် စုစုပေါင်း သက်တမ်းတိုး မော်တော်ယာဉ်ပေါင်း (၁၃၁၄)စီး၊ သက်တမ်းတိုး မော်တော်ဆိုင်ကယ် (၂၂၃၀)၊ နယ်ဝင်/နယ်ထွက်ယာဉ်(၂၅၉)စီးနှင့် အမည်ပြောင်းယာဉ် (၃၁၅)စီး လာရောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ကညနအနေဖြင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများအား အဘက်ဘက်မှ အဆင်ပြေစွာ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ COVID-19 ကြောင့် ဒုတိယအကြိမ်အဖြစ် လုပ်ငန်းရပ်ဆိုင်းထားခဲ့ရသည်မှာ (၆)လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် လုပ်ငန်းကြွေးကျန်များကို အချိန်မီ လက်ခံဆောင်ရွက်ပေးသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

နှစ်လဲသက်တမ်းတိုးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ချိန်မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ဖြေလျှော့ကာလအတွင်း ၈/၂၀၂၁ လအထိ သက်တမ်းကုန်ဆုံးသည့် ယာဉ်များအားလုံးကို သက်တမ်းတိုး ခြင်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## (၂၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲကို ဧပြီလ ၁ ရက် (အစား) မေလ ၁ ရက်တွင် ဖွင့်လှစ်သွားမည်

**နေပြည်တော် မတ် ၂၂**

(၂၆) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေထီဖွင့်ပွဲကို မူလသတ်မှတ်ထားသော ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက် (အစား) ၂၀၂၁ ခုနှစ် မေလ ၁ ရက်သို့ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အသိပေးကြေညာလိုက်သည်။

ယင်းကြေညာချက်တွင် (၂၆) ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်များကို ပုံမှန်အတိုင်း ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်မှ စတင်ရောင်းချသွားပြီး ထီဖွင့်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပါကြောင်း။

သို့ရာတွင် ထီကံစမ်းသူပြည်သူများ၊ ထီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ အခက်အခဲများကို အဆင်ပြေစေရန် ရည်ရွယ်၍ (၂၆) ကြိမ်မြောက် အောင်ဘာလေ ထီဖွင့်ပွဲကို ထီလက်မှတ်များတွင် ဖော်ပြထားသော ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက် (အစား) ၂၀၂၁ ခုနှစ် မေလ ၁ ရက်သို့ ပြောင်းလဲဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြထားသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ဈေးများနှင့် ကုန်တိုက်များ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းဝယ်လျက်ရှိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ဈေးများနှင့် ကုန်တိုက်များ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် ရောင်းဝယ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် ယခင်ရက်များအတွင်း နိုင်ငံတော်အစိုးရဆန့်ကျင်ရေး ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်ဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များအား

*စာမျက်နှာ ၇ ကော်လံ ၁* ❒



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ City Mart ကုန်တိုက် ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။


ပြည်သူလူထုမှ သတင်းပေးနိုင်ရန် ထုတ်ပြန်ခြင်း စာ ၁၆

..........................

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ပညာရေးမှူးရုံး၌ လက်လုပ်အသံမိုင်း ၂ လုံး ပေါက်ကွဲမှုဖြစ်ပွား စာ ၁၇


## အလာဗက်စ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့တဲ့ အေတီမက်

စပိန်လာလီဂါပွဲစဉ် (၂၈) အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အလာဗက်စ်အသင်းတို့ပွဲစဉ်ကို မတ် ၂၂ ရက် နံနက်ပိုင်းက အက်သလက်တီကို မက်ဒရစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အေတီမက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။

အေတီမက်အသင်းသည် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ အလာဗက်စ်အသင်းကလည်း တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်နိုင်ရန်အတွက် ယနေ့ပွဲစဉ်ကို အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖